# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၀)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၅၄)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁၁၀/၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်)

**နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးထပ်မံခံစားခွင့်ပြုခြင်း**

အပိုင်း ၁
**ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀/- ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☞



## ပြည်တွင်းထုတ်ဓာတ်ဆီ(RON 77)ကို အများပြည်သူသို့ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

စွမ်းအင်ဝန်ကြီးဌာနက "ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့" ရောက်ရှိစေရေးနှင့် စက်သုံးဆီဈေးနှုန်း မြင့်မားမှုကို တစ်ဖက်တစ်လမ်းမှ လျှော့နည်းသက်သာစေရန် ရည်ရွယ်၍ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)က ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီ(RON 68)ကို ဇန်နဝါရီ ၄ ရက်မှ စတင်ကာ တစ်လီတာငွေကျပ် ၂၂၀၀ နှုန်းဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များက အများပြည်သူသို့ လွတ်လပ်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)ကို ၂၀၂၃ ခုနှစ်က စက်ချွတ်ယွင်း၍ ရပ်ဆိုင်းခဲ့ရသော်လည်း ယခုအခါ စက်ရုံကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြင်ဆင်မှုများ ဆောင်ရွက်ပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ခဲ့သဖြင့် အဆိုပါစက်ရုံက ထုတ်လုပ်သည့် ဓာတ်ဆီ(RON 77)ကိုလည်း တစ်လီတာလျှင် ၂၂၄၅ ကျပ်နှုန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ

စာမျက်နှာ ၁၇ ကော်လံ ၄ ❍



ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်

**အယ်ဒီတာ့အာဘော်**

# ဂုဏ်ပြုအပ်သော ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့

နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရဲတပ်ရင်း ၂၁ ရင်းကိုစတင်ဖွဲ့စည်းခဲ့သည်။ ရဲတပ်ဖွဲ့၏အမည်များနှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အဖြစ်လည်းကောင်း သတ်မှတ်ခေါ်ဝေါ်ခဲ့ပြီး ယနေ့တိုင် သတ်မှတ်ထားသည့်အမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်သည်။ ယခုနှစ် အောက်တိုဘာ ၁ ရက်နေ့သည် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မူလတာဝန်များဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်အပြင် နိုင်ငံတော်တွင်ကျရောက်လာသော ရေဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာနေရာဒေသများသို့လည်း အခြားလုံခြုံရေးတပ်ဖွဲ့များနှင့်အတူသွားရောက်၍ ပြည်သူများကို ကူညီလျက်ရှိကြသည်။ ထိုနည်းအတူ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စာသင်ကျောင်းများ၊ ဆေးရုံများတွင် မြက်ပင်၊ ပေါင်းပင်များရှင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးရုံများတွင် သွေးလှူဒါန်းခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိသည်ကို သတင်းမီဒီယာများ၌ ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဟူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုရည်မှန်းချက်များနှင့်အညီ ရာဇဝတ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်း၊ ငြိမ်ဝပ်ပိပြားမှုကိုထိန်းသိမ်းခြင်း၊ ပြည်သူ့လုံခြုံမှုနှင့်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်သည့် ရဲတပ်ဖွဲ့ဝင်များကို နိုင်ငံတော်အနေဖြင့် မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ခွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစား အသိအမှတ်ပြုသည်သာမက တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုကို အလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ရောက်တိုင်း အခမ်းအနားကျင်းပ၍ စိစစ်ချီးမြှင့်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံသားများအားလုံး ဘေးကင်းလုံခြုံစွာနေထိုင်ရေးအတွက် နေ့ညမပြတ် စောင့်ရှောက်ပေးနေရသူများ၊ ပြည်သူကိုကူညီရန် အမြဲအသင့်ဖြစ်နေကြသူများဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသာမက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို တပ်မတော်နှင့်အတူလက်တွဲ၍ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး ပြည်သူ့အကျိုးကိုသယ်ပိုးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ယနေ့ကျရောက်သော ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နေ့ထူးနေ့မြတ်နှင့်အတူ ဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပါသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**ရရ**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး (ပဉ္စမအကြိမ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး စက်တင်ဘာ ၃၀**

ယခုနှစ် အောက်တိုဘာ ၄ရက်တွင်ကျင်းပမည့်မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ကို စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေး (ပဉ္စမအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော် ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ရာ ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် လုပ်ငန်းများပြီးမြောက်စေရေး၊ လစ်ဟာမှုမရှိစေရေး၊ လုံခြုံရေးသတိ၊ အသိတို့ဖြင့်ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် တင်ပြသွားရေး တို့ကို ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ရာပြည့်သဘင်ကို အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှု စွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးမည်

**ခင်ဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၅၁၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင် ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ၊ သံဃဒါနဆွမ်းလောင်းလှူပွဲတွင် ပင့်သံဃာတော် ၂၅၆၉ ပါးကို ဆွမ်းသပိတ်များ လောင်းလှူသွားမည်



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးမြို့ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၏ ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား အရှေ့ဘက်မုခ်ဦးတွင် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းကကျင်းပပြုလုပ်ခဲ့ပြီး သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲတော်ကို သာသနာတော်နှစ် ၂၅၆၉ နှစ် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော် ၂၅၆၉ ပါးကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၉ ရက်) နံနက်ပိုင်းတွင် ဆွမ်းသပိတ်များ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာသကျ မာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရားမုခ်ဦးရှေ့တွင် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ပြီးနောက် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်(စက်တင်ဘာ ၂၉ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၉ ရက်)ထိ သတ်မှတ်ထားသည့်အပြင် ပွဲတော်မတိုင်မီ ခုနစ်ရက်နှင့် ပွဲတော်အပြီး ခုနစ်ရက်ထိကို ပွဲတော်ကာလအဖြစ် ကျင်းပပေးခြင်းဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ၊ ပွဲတော်သို့လာရောက်လည်ပတ်ကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

သီတင်းကျွတ်ကာလများတွင် ကျင်းပသည့် မန္တလေးမြို့ရှိ အထင်ကရ ပွဲတော်များတွင် ရက်အရှည်ဆုံး ကျင်းပသည့် ဘုရားပွဲတော်ဖြစ်ပြီး ဒေသခံ ပြည်သူများ သာမက ပြည်တွင်းပြည်ပ ဘုရားဖူးလာပြည်သူများနှင့် လည်ပတ်ကြသူများ၊ ရိုးရာဓလေ့မြန်မာမုန့်မျိုးစုံများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းများရောင်းချသည့် ဈေးဆိုင်ခန်းများဖြင့် နှစ်စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

မျိုးကျော်

# ရေဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၃ ဧက စိုက်ပျိုးမည်

**ရေဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ၄၅၂၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။ (၂၀၆)



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# မလှိုင်မြို့နယ် ဆည်တောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မလှိုင် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်တောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဆည်တောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆည်တောကျေးရွာ၌ အကျယ် ၄ ဒသမ ၅လက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၈၂ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ စတုတ္ထပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရောပဒေသာစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရောပဒေသာစပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲ မရှိပါဘူး"ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့်စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ရောပဒေသာစပါးများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျော်ကျော်လင်း



# ညောင်ရမ်းခေတ်ထိုး ရာဇမဏိစူဠာကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့မှ မုံရွာမြို့သို့ မော်တော်ကားလမ်းအတိုင်းသွားလျှင် စစ်ကိုင်းမြို့၏ မြောက်ဘက် ခြောက်မိုင်ခရီးနေရာတွင် စစ်ကိုင်း-မုံရွာမော်တော်ကားလမ်း၏ လက်ယာဘက်၌ ကောင်းမှုတော်စေတီဟုထင်ရှားသည့် ရာဇမဏိစူဠာစေတီကို ဖူးမြင်ကြရမည်ဖြစ်သည်။ လုံးဝန်းပြီး စက်လုံးပုံသဏ္ဌာန်ရှိသည့် အဖြူရောင်ကောင်းမှုတော်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများအနက် အလွန်ထင်ရှားသည့် သမိုင်းဝင် စေတီတစ်ဆူဖြစ်သည်။ ညောင်ရမ်းခေတ်ဖြစ်သည့် ဒုတိယအင်းဝခေတ် (၁၆၀၀-၁၇၅၂)တွင် သာလွန်မင်း (၁၆၂၉-၁၆၄၈)က ကောင်းမှုတော်စေတီကို ရာဇမဏိစူဠာဘွဲ့အမည်ဖြင့်တည်ခဲ့ကာ သာလွန်မင်း၏သားတော် ပင်းတလဲမင်း (၁၆၄၈-၁၆၆၁) လက်ထက်တွင် စေတီကိုထီးတော်တင်ခဲ့သည်။

ရာဇမဏိစူဠာခေါ် ကောင်းမှုတော်စေတီ၏ အရှေ့မြောက်ထောင့်ရှိ အုတ်တိုက်ဂူတွင် ထိန်းသိမ်းထားသည့် ကျောက်စာချပ်သည် မူလထိုးကျောက်စာဖြစ်၍ ကျောက်စာပါစာသားများကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနလက်ထောက် ဦးငြိမ်းမောင်ပြုစုသည့် ရှေးဟောင်းမြန်မာကျောက်စာများ(ပဥ္စမတွဲ) စာအုပ်တွင် ကောင်းမှုတော်ကျောက်စာ၊ သက္ကရာဇ် ၉၉၈ ခု၊ ၁၀၁၁ ခုဟု ခေါင်းစဉ်တပ်ကာ ဖော်ပြထားသည်။ ကျောက်စာရှိသည့်နေရာကို စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရား တံတိုင်းအတွင်း၌ ရှိသည်ဟုလည်း ဖော်ပြထားသည်။

**သာလွန်မင်းနှင့် ပင်းတလဲမင်း**

သာလွန်မင်းသည် ညောင်ရမ်းခေတ်တွင် အလွန်ထင်ရှားသည့် ဘုရင်တစ်ပါးဖြစ်သည်။ ၁၆၀၀ ပြည့်နှစ်မှ ၁၇၅၂ ခုနှစ်ထိ သက်တမ်း ၁၅၂ နှစ်ရှည်ကြာခဲ့သည့် ညောင်ရမ်းခေတ်တွင် ဘုရင် ၁၀ ပါး နန်းစံခဲ့ရာ သာလွန်မင်းသည် တတိယမြောက်ဘုရင်ဖြစ်သည်။ တွင်းသင်းမဟာရာဇဝင်သစ်တွင် သာလွန်မင်းဘုရင်ဖြစ်သည့်ခုနှစ်ကို အေဒီ ၁၆၂၉ ခုနှစ်၊ နန်းသစ်တက်၍ ဘိသိက်ခံသည့်ရက်ကို ၁၆၃၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် သောကြာနေ့ဟု ကျမ်းပြုဆရာ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညိုက ပြဆိုခဲ့သည်။ ထို့ကြောင့် အချို့သော စာတမ်းများတွင် သာလွန်မင်း၏ နန်းစံနှစ်ကို ဘိသိက်ခံသည့် ခုနှစ်မှ စတင်ရေတွက်ကာ (၁၆၃၃-၁၆၄၈) ဟု ဖော်ပြကြသည်။

သာလွန်မင်းသည် အဝ(အင်းဝ)ကို မင်းနေပြည်ပြုပုံကို တွင်းသင်းရာဇဝင်သစ်၌ "သက္ကရာဇ် ၉၉၅ ခုနှစ် ဟံသာဝတီက လူတို့ကို အဝသို့သွင်း၍ ပြာသိုလပြည့်ကျော် ၁ ရက်နေ့ ဆန်တော်မူသည်။ ရောက်လျှင် တောင်ပလူတဲတော်၌ နေ၍ ရွှေနန်းဆောက်တော်မူပြီးလျှင် သက္ကရာဇ် ၉၉၇ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်နေ့ ရွှေနန်းတက်တော်မူသည်"ဟု ဖော်ပြထားသည်။ သာလွန်မင်း အင်းဝတွင် နန်းတက်သည့်ရက်ကို အောက်ခြေမှတ်စုတွင် ၁၆၃၅ ခုနှစ် မေ ၂၄ ရက်ဟု မြန်မာသက္ကရာဇ်ကို ခရစ်နှစ်သို့ ဖလှယ်ကာ ဖော်ပြထားသည်။

သာလွန်မင်းသည် အိမ်နိမ့် ၄၅ နှစ်၊ စည်းစိမ် ၁၉ နှစ်၊ သက်တော် ၆၅ နှစ်တွင် ၁၆၄၈ ခုနှစ်၊ ဩဂုတ် ၁၇ ရက်တွင် နတ်ရွာစံခဲ့ပြီး ထိုနေ့မှာပင် သားတော် ပင်းတလဲမင်း(၁၆၄၈-၁၆၆၁)က ထီးနန်းကို ဆက်ခံခဲ့သည်။

**ရာဇမဏိစူဠာ(ကောင်းမှုတော်)စေတီ**

တွင်းသင်းမဟာရာဇဝင်သစ်အရ သာလွန်မင်းသည် သက္ကရာဇ် ၉၉၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက် (၁၆၃၆ ခုနှစ် ဧပြီ ၈ ရက်)တွင် စစ်ကိုင်း၊ ဖက်တင်ထိတ်အင်းအနီး၌ သီဟိုဠ်ကျွန်းမှ ထူပါရုံစေတီပုံစံအတိုင်း ရာဇမဏိစူဠာစေတီကို တည်ထားရန် မြေညှိခဲ့သည်။ ပညာရှိများက "နတ်ဂဠုန်ကြီး၊ ကောင်းမှုပြီးသော်၊ ရုပ်သီးတောင်စွန်၊ ဖြန်းဖြန်းပြန်အံ့" ဟု ကန့်ကွက်လိုဟန် လျှောက်တင်ခဲ့ကြသည်။ သို့သော် သာလွန်မင်းက "ဖြစ်သမျှသည် ပျက်မြဲဓမ္မတာဖြစ်သည်၊ ဘုရားမတည်ဘဲနေသော် ကမ္ဘာပတ်လုံး အသက်ရှည်ရာသည်လော၊ ကုသိုလ်



ရာဇမဏိစူဠာ ခေါ် ကောင်းမှုတော်စေတီကို ဖူးတွေ့ရစဉ်။

ကောင်းမှုပြုသော်သာ နတ်ရွာနိဗ္ဗာန်သို့ ရောက်အံ့သော အကြောင်းဖြစ်သည်"ဟု မိန့်တော်မူပြီး ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်တွင် ရွှေကိုယ်တော်လေးဘုရားကို သွန်းတော်မူခဲ့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင် မှတ်တမ်းပြုထားသည်။

ရာဇမဏိစူဠာစေတီ၏ ကြက်ဥပုံသဏ္ဌာန် အခုံးသည် အဝန်း ၂၇၄ မီတာ(၈၉၉ ပေ)နှင့် အမြင့် ၄၆ မီတာ(၁၅၁ ပေ)ရှိသည်။ စေတီတော်၏ ပစ္စယာသုံးဆင့်တွင် အဝိုင်းပုံများ ဆင့်ထားကာ စေတီတော်ကို ငါးပေမြင့်သော ကျောက်သားတိုင် ၈၁၂ တိုင်ဖြင့် ဝန်းရံထားသည်။ စေတီထုလုံး အောက်ပိုင်းတွင် အခေါင်းပေါက်ပြုလုပ်ခဲ့သည်။

ကုန်းဘောင်ခေတ်ဘုရင် မင်းတုန်းမင်းသည် ရာဇမဏိစူဠာစေတီတော် တောင်ဘက်မုခ်၌ လိုဏ်မုခ်တစ်ခုပြုလုပ်၍ ပဥ္စလောဟာ (ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွဲ ပေါင်းစပ်ထားသည့် သတ္တုစပ်)ရုပ်ပွားတော်တစ်ဆူကို သွန်းလုပ်ပူဇော်ထားရှိခဲ့သည်။ ကောင်းမှုတော်စေတီသို့ ရောက်ရှိလာကြသူများသည် ထိုရုပ်ပွားတော်ကို ဦးစွာဖူးမြင်ကြရပြီး ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။

စေတီတော် တည်ဆောက်ရာတွင် အုတ်ချပ်ရေ ၁၀၁၈၆၅၂ ချပ်၊ မြေနီသရွတ် ၁၆၄၅၅ တောင်း၊ အင်္ဂတေ ၂၂၄၉၂ တောင်း အသုံးပြုခဲ့ရကြောင်း ကောင်းမှုတော်ဘုရား သမိုင်းစာအုပ်တွင်ဖော်ပြထားသည်။ ရာဇမဏိစူဠာစေတီထီးတော်ကို သက္ကရာဇ် ၁၀၁၁ ခုနှစ် ကဆုန်လဆန်း ၈ ရက် (၁၆၄၉ ခုနှစ်၊ ဧပြီ ၈ ရက်) တနင်္ဂနွေနေ့တွင် သာလွန်မင်း၏ သားတော်ပင်းတလဲမင်းက တင်လှူခဲ့သည်။

ရာဇမဏိစူဠာစေတီလုံးတော်ကို ယခုအခါ ထုံးသင်္ကန်းများ ကပ်လှူထားသည်။ စေတီတော်ကို သာလွန်မင်းတည်ခဲ့စဉ်က မည်သည့်သင်္ကန်းတော်ကို ကပ်လှူခဲ့ကြောင်း မသိရှိသော်လည်း ပြည်မင်းလက်ထက် (ခရစ်နှစ် ၁၆၆၁-၁၆၇၂)တွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင် မှတ်တမ်းပြုထားပေသည်။

ရာဇမဏိစူဠာစေတီတော် ရင်ပြင်တွင်စိုက်ထူထားသည့် ကျောက်စာ၌ စေတီတော်သမိုင်းကြောင်းနှင့်တကွ စေတီတော် ဝတ္တကံမြေများ၊ စေတီတော်ကို စောင့်ရှောက်မည့် ကျွန်စာရင်းများကို မှတ်တမ်းတင်ထားသည်။

**ရာဇမဏိစူဠာကျောက်စာ**

ရာဇမဏိစူဠာကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ မျက်နှာဘက်တွင် စာကြောင်း ၈၆ ကြောင်းနှင့် ကျောဘက်တွင်စာကြောင်း ၉၀ ရှိ၍ ကျောက်စာကို ပါဠိဘာသာနှင့် မြန်မာဘာသာစကားတို့ကိုအသုံးပြုကာ လင်္ကာနှင့်စကားပြေ ရောနှောရေးထိုးထားသည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် ကျောက်စာအများစုသည် အလှူမှတ်တမ်းများဖြစ်ကာ အလှူရှင်သည် ဘုရင်ဖြစ်လျှင် ထိုဘုရင်၏ လက်ရုံးရည်၊ နှလုံးရည်နှင့် ဘုန်းတန်ခိုးကြီးမားပုံကို ရေးထိုးလေ့ရှိကြောင်း တွေ့ရမည်ဖြစ်သည်။

ရာဇမဏိစူဠာစေတီကို သာလွန်မင်းက တည်ခဲ့ပြီး သားတော် ပင်းတလဲမင်းက ထီးတော်တင်ခဲ့သဖြင့် ကျောက်စာတွင် ခမည်းတော်နှင့် သားတော် ဘုရင်နှစ်ပါး၏ ဘုန်းတန်ခိုးနှင့် ကောင်းမှုကုသိုလ်များကို အကျယ်တဝင့် ရေးထိုးထားသည်။ ထို့အတူ ဆင်ဖြူများရှင်မင်းမှ ပင်းတလဲမင်းထိ မင်းဆက်ကိုဖော်ပြ၍ ထိုမင်းများ၏ ဘုန်းတန်ခိုးနှင့် ကောင်းမှုကုသိုလ်များကိုလည်း ရေးထိုးထားသည်။

ကျောက်စာကို အောင်မြင်ပါစေသတည်းဟု အဓိပ္ပာယ်ရှိသည့် ပါဠိစကားလုံး ဇယတုနှင့် အစပြုလျက် ဘုရားရှင်သည် သုမေဓာဘဝတွင် ဒီပင်္ကရာဘုရားရှင်ထံမှောက်၌ ဘုရားဆုပန်ပြီး ဗျာဒိတ်ခံယူခဲ့ပုံ၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးနောက် ဤဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းတော်မူကာ သတ္တဝါတို့အကျိုးငှာ တရားဒေသနာများကို ဟောကြားခဲ့ပုံကို အကျယ်တဝင့်ရေးထိုးခဲ့သည်။

ဆက်လက်၍ ဟံသာဝတီပြည့်ရှင် ဆင်ဖြူများရှင်၏ ဘုန်းတန်ခိုးကြီးမားပုံကို ဖော်ပြသည်။ သာလွန်မင်းကြီးသည် ဆင်ဖြူများရှင်၏ မြေးဖြစ်သည်။ ဆင်ဖြူများရှင်၏ သားတော်ကြီးသည် ဘုရားငါးဆူဒါယကာဖြစ်၍ သားတော်အလတ်သည် သီဟသူရမဟာဓမ္မရာဇာ (ညောင်ရမ်းမင်းတရား)ဖြစ်သည်။ ညောင်ရမ်းမင်းတရားသည် အင်းဝတွင် နန်းစံကာ ဘုရားစေတီနှင့် ကျောင်းများတည်ဆောက်လှူဒါန်းခဲ့သည်။ သီဟသူရမဟာဓမ္မရာဇာ၏ သားတော်အကြီးသည် အနောက်ဘက်လွန်မင်းဖြစ်ပြီး ညီတော်သည် သာလွန်မင်းဖြစ်သည်။

ကျောက်စာတွင် ဆင်ဖြူများရှင်မင်းမှစ၍ သာလွန်မင်းထိ ဘုရင်မင်းဆက်ကိုဖော်ပြ၍ ထိုဘုရင်တို့၏ ဘုန်းတန်ခိုးကြီးမားပုံနှင့် ကုသိုလ်ကောင်းမှုများကို အကျဉ်းဖော်ပြထားသည်။ အထူးသဖြင့် သာလွန်မင်း၏ဂုဏ်ရည်များနှင့် ဟံသာဝတီနှင့်အဝတွင် ရာဇဘိသိက်နှစ်ကြိမ်ခံပြီး အဝတွင် နန်းတက်ခဲ့ပုံကို မှတ်တမ်းတင်ခဲ့သည်။ ကျောက်စာအရ သာလွန်မင်းသည် ဟံသာဝတီရာဇဌာနီ၌ သက္ကရာဇ် ၉၉၅ ခုနှစ်တွင် ဘိသိက်ခံခဲ့ကြောင်း အခိုင်အမာ သိရှိရပေသည်။ ကျောက်စာတွင် ရေးထိုးထားသည့် အထောက်အထားအရ သာလွန်မင်း၏ ဘွဲ့အမည်သည် သီရိသုဓမ္မရာဇာမဟာဓိပတိဖြစ်သည်။

သာလွန်မင်းသည် ရာဇမဏိစူဠာစေတီကို တည်ရန် အမတ်ကြီး အဘယဂါမဏိ ဦးဆောင်သည့် အမတ်များကိုနေရာရှာဖွေရန် စေလွှတ်ခဲ့သည်။ အမတ်များလျှောက်တင်သည့် ဧရာဝတီမြစ်၏ မြောက်ဘက်၊ ရွှေမြို့တော်မှ အနောက်မြောက်ယွန်းယွန်း နှစ်ဂါဝုတ်အကွာရှိနေရာကို သာလွန်မင်းက နှစ်ခြိုက်ခဲ့ကာ ထိုနေရာတွင် ရာဇမဏိစူဠာစေတီတော်တည်ရန် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် အရှေ့အနောက် ၄၈ တာ နှစ်တောင်၊ တောင်မြောက် ၄၇ တာ၊ နှစ်တောင်ကျယ်ဝန်းသော မြေနေရာကို သုတ်သင်ရှင်းလင်းပြီး ဇောက် ၅ တောင် မြေဖို့စေခဲ့သည်။

သက္ကရာဇ် ၉၉၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် တနင်္လာနေ့တွင် စေတီ၏အလယ်၌ ရွှေပန္နက်တိုင်စိုက်၍ တံမျဉ်းရွှေချည်တို့ဖြင့် လှည့်စေပြီး မြေစတင်တူးရာမှ အစပြု၍ ရာဇမဏိစူဠာစေတီတည်ခဲ့ပုံကို ကျောက်စာတွင်ရေးထိုးထားသည်။ ဌာပနာတိုက်တည်ဆောက်ပုံကို အသေးစိတ်ရေးထိုးခဲ့ကာ ထိုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်တွင် ဌာပနာထည့်သွင်းကြောင်း ဖော်ပြထားသည်။

ကျောက်စာတွင် ရေးထိုးထားသည့် စေတီတော်အရွယ်ပမာဏသည် အချင်းသံတောင် ၁၆၀၊ တစ်မိုက်၊ လက် လေးသစ်၊ ဇောက်သံတောင် ၁၀၁ တောင်ဖြစ်သည်။ သီဟိုဠ်ကျွန်းတွင် ဒေဝါနံပိယတိဿမင်းကြီး တည်ခဲ့သည့် ထူပါရုံစေတီနှင့် သဏ္ဌာန်တူပြီး ရာဇမဏိစူဠာဟုဘွဲ့မည်သမုတ်ကြောင်း ဖော်ပြထားသည်။ စေတီတော်ပြီးစီးချိန်ကို ကျောက်စာတွင် ဖော်ပြမထားသော်လည်း ၁၂ နှစ် တည်လုပ်ခဲ့ရသည်ဟု ရေးထိုး ထားသဖြင့် စေတီတော်တည်ပြီးချိန်သည် ၁၆၄၈ ခုနှစ်ဖြစ်၍ ထိုခုနှစ်တွင် သာလွန်မင်း နတ်ရွာစံခဲ့သည်။

စာမျက်နှာ ၅ သို့ ☞

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ကျွန်းလှ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း စပါး ၃၄၀၉၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေ အနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ စပါးများအချိန်မီစိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

သာလွန်မင်းသည် ရာဇမဏိစူဠာစေတီဝန်းကျင်၌ မှန်ကင်းအထွတ်ရှိသည့် ကျောင်းလေးကျောင်း၊ ကျောင်းရံ ၄၀၊ တန်ဆောင်းလေးဆောင်၊ သုဓမ္မာဇရပ်နှစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ စေတီအတွင်း တံတိုင်း၌ ဇာတ်တော်များရေးဆွဲကာ မြန်မာဘာသာ၊ မွန်ဘာသာ၊ ယွန်းဘာသာတို့ဖြင့် ကမ္ပည်းစာများရေးထိုးစေခဲ့သည်။ ကျောက်စာတွင် သာလွန်မင်း၏ အရပ်ရပ်ကုသိုလ်တော်များကို အကျယ်တဝင့် ရေးထိုးခဲ့သည်။ စေတီကိုထီးမတင်မီ သာလွန်မင်းနတ်ပြည်သို့ တက်ခဲ့ကြောင်းကိုလည်း ရေးထိုးထားပေသည်။

သာလွန်မင်း၏ထီးနန်းကို ဆက်ခံသည့် သားတော် ပင်းတလဲမင်း၏ဂုဏ်ရည်နှင့် ဘုန်းတန်ခိုးကို ရှည်လျားစွာရေးထိုးပြီးမှ ပင်းတလဲမင်းသည် သီရိနန္ဒဓမ္မရာဇာ ပဝရာဓိပတိဘွဲ့ကိုခံယူကာ သက္ကရာဇ် ၁၀၁၀၊ တော်သလင်းလပြည့်ကျော် ၁ ရက်တွင် ထီးဖြူနှင့် ဥကင်ဖွင့်ကာ ဘိသိက်ခံခဲ့ကြောင်း ဖော်ပြထားသည်။

ခမည်းတော် သာလွန်မင်းတည်ခဲ့သည့် ရာဇမဏိစူဠာစေတီတော်ကိုထီးတင်ရန် ထွက်တော်မူပုံကို ကျယ်ဝန်းရှည်လျားစွာ ရေးထိုးထားသဖြင့် ညောင်ရမ်းခေတ်ဘုရင်ထွက်တော်မူပုံကို လေ့လာနိုင်ကြသည်။

ပင်းတလဲမင်းသည် သက္ကရာဇ် ၁၀၁၁ ခုနှစ် ကဆုန်လဆန်း ၈ ရက် ကြာသပတေးနေ့တွင် အချိန် ၃၄၄၀၊ ရောင်လျှံ အထွတ် ငါးဆင့်၊ အချင်း ၁၀ တောင်၊ အမြင့်၄ တောင် ဖြသစ်ရှိသည့် ထီးတော်ကို တင်လှူခဲ့သည်။ ဆက်လက်၍ စေတီသို့လှူသည့် မြေအပိုင်းအခြားနှင့် ကျွန်စာရင်းကို ဖော်ပြကာ သက္ကရာဇ် ၁၀၁၂ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက် ကြာသပတေးနေ့တွင် ပြီးပြည့်စုံဟုရေးထိုးကာ ကျောက်စာကို အဆုံးသတ်ခဲ့သည်။

ရာဇမဏိစူဠာကျောက်စာသည် စာကြောင်း ၁၇၆ ကြောင်း ရေးထိုးထားသည့် ရှည်လျားသော ကျောက်စာတစ်ချပ်ဖြစ်သဖြင့် ညောင်ရမ်းခေတ် ဘုရင်နှစ်ပါးဖြစ်သည့် သာလွန်မင်းနှင့် ပင်းတလဲမင်းတို့၏ အကြောင်းခြင်းရာများနှင့်အတူ ကောင်းမှုတော်ဟုထင်ရှားသည့် ရာဇမဏိစူဠာစေတီသမိုင်းကို အခိုင်အမာဖော်ပြထားသည့် မှတ်တမ်းတစ်ခုဖြစ်လာခဲ့ပေသည်။


**ကိုးကား**

- ရှေးဟောင်းမြန်မာကျောက်စာများ (ပဉ္စမတွဲ)(ဦးငြိမ်းမောင်)
- မဟာရာဇဝင်သစ်(ညောင်ရမ်းခေတ်)(မဟာ စည်သူဦးထွန်းညို)
- ရာဇမဏိစူဠာကျောက်စာ(ဒေါ်အုန်းကြည်)


## လှိုင်းဘွဲ့ချောင်းသို့ အောက်မေ့သည်

- ဖွဲကပင်တောင်တစ်ဝိုက်မှာတဲ့
မှောင်မိုက်လို့ မိုးညိုလျှင်
မိုးရိပ်ကယ်ဆင်၊
လှိုင်းဘွဲ့ချောင်း တစ်ခွင်တစ်ပြင်
ဟိုယခင် ကြုံခဲ့ရ၊
လှေကလေး အတွင်လှော်လို့
ငွေသွေး ရေပြင်ပေါ်၌
တစ်တောကျော် တစ်တောင်နင်းပါလို့
အဖျက်ရန် အမြန်ကင်းအောင်
ရှင်းခဲ့စဉ်က။

- 'ဂဒိကံ' 'ကော့မြတ်ကြီး'
ရှုမငြီး ရွာသာယာ၊
ချောင်းအခြေ ခွေကာဝိုက်
အလိုက်သင့်ပါ၊
'လှိုင်းတောင်'နဲ့ 'ပါယာ'
'နောင်ယာဖွေ့' 'စံဖရီး'၊
'ဗျက္ခ' 'နောင်ပလိန်'တဲ့
ညို့မှိန်မှိန် အုန်းညိုတန်းတွေနဲ့
အိပ်တန်းပြန် ငှက်သံလွှမ်းတယ်
လွမ်းဖွယ့်ခရီး။

- ယခုလို မိုးညိုမှိုင်းတော့
လှိုင်းဘွဲ့ချောင်း ရစ်ခွေခွေ
အောက်မေ့လှပေ၊
မာပါစေ
ဌာနေက ပြည်သူများ၊
သာပါစေ
စစ်မြေက ချစ်ဆွေများ၊
လှံ့လ တံခွန်ထူလို့
ရဲသွေး စံနမူနှင့်
တပ်ပြည်သူ ညီတူနွဲ့လေတဲ့
အောင်ပွဲတွေ အလီလီနှင့်
အောင်ပန်းချီ အောင်စည်ခြိမ်း
ဟိန်းကြစေသား။ ။

**မြင်းမူမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဂျပန်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားသမ္မတတို့ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ တွေ့ဆုံဆွေးနွေး



**ဘူဆန် စက်တင်ဘာ ၃၀**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့သည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း သိရသည်။

ဘူဆန်မြို့ ဆွေးနွေးပွဲတွင် ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့၏ တတိယမြောက် ထိပ်သီးဆွေးနွေးပွဲ ဖြစ်သလို နောက်ဆုံး ထိပ်သီးဆွေးနွေးပွဲလည်း ဖြစ်နိုင်ခြေရှိသည်။

လွှတ်တော်ရွေးကောက်ပွဲ အရှုံးရလဒ်များအတွက် တာဝန်ယူသည့်အနေဖြင့် ရာထူးမှ နုတ်ထွက်ပေးမည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ယခုလအစောပိုင်းတွင် ကြေညာထားသည်။

ပထဝီနိုင်ငံရေးအခြေအနေများ ရှုပ်ထွေးနေချိန်၊ နိုင်ငံတကာ ကုန်သွယ်ရေး အခင်းအကျင်းများ ကမောက်ကမ ဖြစ်နေချိန်တွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုကို ဘူဆန်ဆွေးနွေးပွဲ၌ ဂျပန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များက သဘောတူခဲ့ကြကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံနှင့်တောင်ကိုရီးယား နိုင်ငံတို့သည် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေး မူဝါဒများကြောင့်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ကြိုးပမ်းနေရသည်။

ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ အဓိက မဟာမိတ်များဖြစ်သလို အဓိက ကုန်သွယ်ဖက်နိုင်ငံများလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်အစိုးရ၏ ဂါဇာငြိမ်းချမ်းရေးအဆိုပြုချက် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု လက်ခံ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်အစိုးရ၏ ဂါဇာကမ်းမြောင် ငြိမ်းချမ်းရေးအဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက စက်တင်ဘာ ၂၉ ရက်တွင် သဘောတူလက်ခံခဲ့ကြောင်း သိရသည်။

ဝါရှင်တန်မြို့၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်အစိုးရ၏ ဂါဇာငြိမ်းချမ်းရေး အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ်က လက်ခံခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ဂါဇာကမ်းမြောင် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူနိုင်ရန် လွန်စွာနီးကပ်နေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ၏ ဂါဇာငြိမ်းချမ်းရေး အဆိုပြုချက်ကို ငြင်းပယ်ခဲ့ပါက အစ္စရေးအစိုးရက လိုအပ်၍ လုပ်ဆောင်မည့် လုပ်ရပ်မှန်သမျှကို အမေရိကန်အစိုးရက အပြည့်အဝ ထောက်ခံအားပေးရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟားမတ်စ်အုပ်စုကို သတိပေးထားသည်။

အမေရိကန်အစိုးရက တင်ပြထားသော ဂါဇာငြိမ်းချမ်းရေး အဆိုပြုချက်တွင် အချက်ပေါင်း ၂၀ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဂါဇာငြိမ်းချမ်းရေးအဆိုပြုချက် အချက် ၂၀ ထဲတွင် ဂါဇာပဋိပက္ခ အပစ်အခတ် ချက်ချင်းရပ်တန့်ရေး၊ ဖမ်းဆီးထားသော ဓားစာခံများကို ဟားမတ်စ်အုပ်စု ပြန်လွှတ်ပေးရေး၊ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်များ အဆင့်ဆင့် ပြန်လည်ရုပ်သိမ်းရေးနှင့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု ဦးဆောင်သည့် ဂါဇာယာယီအစိုးရဖွဲ့စည်းရေးတို့ ပါဝင်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# နျူကလီးယားလက်နက်များ စွန့်လွှတ်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**နယူးယောက် စက်တင်ဘာ ၃၀**

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် နျူကလီးယားလက်နက် အစီအစဉ်ကို မည့်သည့်အခါတွင်မျှ စွန့်လွှတ်မည် မဟုတ်ကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ဆွန်ယောင်းက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။



စက်တင်ဘာ ၂၉ ရက်တွင်ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မြောက်ကိုရီးယား ဒုတိယ နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပိုင်ဆိုင်ထားသည့် နျူကလီးယားလက်နက်များကို စွန့်လွှတ်ပေးရန် မြောက်ကိုရီးယားနိုင်ငံကို တောင်းဆိုနေမှုသည် အမျိုးသားအချုပ်အခြာအာဏာ ပိုင်စိုးမှုနှင့် ရပ်တည်ပိုင်ခွင့်ကို စွန့်လွှတ်ပေးရန် တောင်းဆိုမှုနှင့် ညီမျှကြောင်း မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီးက အထွေထွေညီလာခံမိန့်ခွန်း၌ ပြောကြားခဲ့သည်။

ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ကင်ဆွန်ယောင်းသည် ၂၀၁၈ ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ တက်ရောက်မိန့်ခွန်းပြောခဲ့သည့် ပထမဆုံး မြောက်ကိုရီးယားသံတမန်ဖြစ်သည်။

နျူကလီးယား လက်နက်များ စွန့်လွှတ်ပေးရန် တောင်းဆိုနေမှုများ ရပ်ဆိုင်းပေးပါက အမေရိကန်အစိုးရနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားထားသည်။

ယခုနှစ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

Ref : RT
Trs : KKO

# အင်ဒိုနီးရှား၌ ဘာသာရေးအဆောက်အအုံပြိုကျ လူတစ်ဦးသေဆုံး၍ ဦးရေ ၈၀ ဒဏ်ရာရရှိ

**ဂျကာတာ စက်တင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ စက်တင်ဘာ ၂၉ ရက်က ဘာသာရေး စာသင်ကျောင်းအဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူတစ်ဦးသေဆုံး၍ ၁၀၂ ဦးကို ကယ်ထုတ်နိုင်ခဲ့သည်။

သို့ရာတွင် အဆောက်အအုံအပျက်အစီးများအောက်၌ အနည်းဆုံး ၃၈ ဦး ပိတ်မိနေဖွယ်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေး သမားများက အပျက်အစီးများရှင်းလင်း၍ ပိတ်မိနေသူများကို ကယ်ထုတ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဆီဒိုအာဂျိုအမည်ရှိ မြို့၌တည်ရှိသော အဆိုပါဘာသာရေး စာသင်ကျောင်း အဆောက်အအုံသည် နေ့လယ်ပိုင်း ဝတ်ပြုသူအမြောက်အမြား ရောက်ရှိနေချိန်တွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

ဘာသာရေး အဆောက်အအုံ ပြိုကျမှုအတွင်း လူပေါင်း အနည်းဆုံးဦးရေ ၈၀ ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အဆောက်အအုံသည် လေးထပ် အဆောက်အအုံဖြစ်ပြီး အုတ်မြစ်အနေဖြင့် အဆောက်အအုံတစ်ခုလုံး၏ ဝန်အားကို ထမ်းထားနိုင်ဖွယ် မရှိကြောင်း မီဒီယာများ၏အဆိုအရ သိရသည်။

Ref : Xinhua
Trs : KKO



# နယ်သာလန် မှတ်ပုံတင်ကုန်တင်သင်္ဘော အေဒင်ပင်လယ်ကွေ့၌ တိုက်ခိုက်ခံရ

**အမ်စတာဒမ် စက်တင်ဘာ ၃၀**

မီနာဗာဂရက်ချ်အမည်ရှိ နယ်သာလန်မှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စီးသည် စက်တင်ဘာ ၂၉ ရက်တွင် တိုက်ခိုက်မှုတစ်ရပ်နှင့်ရင်ဆိုင်ခဲ့ရပြီးနောက် အေဒင်ပင်လယ်ကွေ့အတွင်း မီးလောင်မျောပါနေသည်။

မီနာဗာဂရက်ချ် ကုန်တင်သင်္ဘောသည် စက်တင်ဘာ ၂၉ ရက်တွင် ဖောက်ခွဲရေးပစ္စည်းတစ်ခုဖြင့် တိုက်ခိုက်ခံခဲ့ရပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ဥရောပသမဂ္ဂပင်လယ်ရေကြောင်း လုံခြုံရေးမစ်ရှင်က သတင်းထုတ်ပြန်ထားသည်။

တိုက်ခိုက်ခံခဲ့ရပြီးနောက် အဆိုပါ ကုန်တင်သင်္ဘောပေါ်ရှိ သင်္ဘောဝန်ထမ်း ၁၉ ဦးကို ဥရောပသမဂ္ဂ ရေကြောင်းလုံခြုံရေးမစ်ရှင်ရဟတ်ယာဉ်တစ်စင်းက ကယ်ထုတ်ပေးခဲ့ရသည်။

မီနာဗာဂရက်ချ် ကုန်တင်သင်္ဘောကို ယီမင်နိုင်ငံအခြေစိုက် ဟူသီ သူပုန်အုပ်စုက ပြုလုပ်ခဲ့ခြင်း ဟုတ်၊မဟုတ် အတည်မပြုနိုင်သေးကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် ၂၀၂၃ ခုနှစ်မှစ၍ ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် နိုင်ငံတကာ သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မီနာဗာဂရက်ချ် ကုန်တင်သင်္ဘောသည် ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်း၏ အရှေ့တောင်ဘက် ရေမိုင် ၁၂၈ မိုင်အကွာ အေဒင်ပင်လယ်ကွေ့ ရေပြင်အတွင်း တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၄ စင်းကို စက်တင်ဘာ ၂၉ ရက်တွင် လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၄ စင်းကို စက်တင်ဘာ ၂၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက် မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၂၃ ကြိမ်မြောက် မစ်ရှင်ဖြစ်ပြီး ယခုနှစ်အတွင်း စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်များအနက် ၇၀ ရာခိုင်နှုန်းကျော်မှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မိကျောင်းတစ်ကောင်ကို စားသောက်နေချိန် သေဆုံးခဲ့ရဖွယ်ရှိသော ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ကျောက်ဖြစ်ရုပ်ကြွင်းကို အာဂျင်တီးနားနိုင်ငံ၌တွေ့ရှိ

**ဗျူနို့စ်အေရိစ် စက်တင်ဘာ ၃၀**

မိကျောင်းတစ်ကောင်ကို စားသောက်နေချိန် သေဆုံးခဲ့ရဖွယ်ရှိသော ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အာဂျင်တီးနားနိုင်ငံ၌ သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိထားကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဒိုင်နိုဆောသည် Meg-araptorans ခေါ် ဒိုင်နိုဆော အုပ်စုဝင် ဒိုင်နိုဆောတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပြီး ကိုယ်ခန္ဓာအရွယ်အစား ၂၃ ပေထိရှိကြောင်း အာဂျင်တီးနားသိပ္ပံပညာရှင်များက ပြောကြားသည်။

Megaraptorans ဒိုင်နိုဆောသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၆ သန်းနှင့် သန်း ၇၀ ကြားကာလအတွင်း ရှင်သန်ကျက်စားခဲ့သော ဒိုင်နိုဆောသတ္တဝါများ ဖြစ်ကြကြောင်း သိရသည်။

Megaraptorans ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို ပါတာဂိုးနီးယားဒေသ ကိုလ်ဟူးဟွာပီ



ကျောက်လွှာနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဒိုင်နိုဆော၏ မေးရိုးများသည် ရှေးခေတ်မိကျောင်းတစ်ကောင်၏ ရှေ့လက်တစ်ချောင်းကို ဖိကြိတ်ထားရာ Megaraptorans ဒိုင်နိုဆောများ၏ အစားစားသောက်ပုံသဘာဝကို ပြသနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Megaraptorans ဒိုင်နိုဆောများသည် ယနေ့ခေတ် တောင်အမေရိက၊ ဩစတြေးလျ၊ အာရှတို့၌ ရှင်သန်ကျက်စားခဲ့ပြီး မျိုးစိတ်အများအပြားရှိသည့် ဒိုင်နိုဆောတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဥရောပအာကာသအေဂျင်စီက အင်စီလေးဒပ်စ်ဂြိုဟ်ရံလကိုလေ့လာရေး အာကာသယာဉ်တစ်စင်းလွှတ်တင်ရန် စီစဉ်ထား

**ပဲရစ် စက်တင်ဘာ ၃၀**

ဥရောပအာကာသအေဂျင်စီသည် စနေဂြိုဟ်၏ ရေခဲဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလကို လေ့လာရေးအတွက် အာကာသယာဉ်တစ်စင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အင်စီလေးဒပ်စ် ဂြိုဟ်ရံလသည် နေအဖွဲ့အစည်းအတွင်း အထူးဆန်းဆုံးဂြိုဟ်ရံလများထဲတွင် ပါဝင်သော ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ကတ်ဆီနီအာကာသယာဉ်၏ လေ့လာတွေ့ရှိချက်အရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် တောင်ဝင်ရိုးစွန်းနယ်မြေရှိ ရေခဲမှုန်တန်းများကို မှုတ်ထုတ်နေပြီး မြေအောက်သမုဒ္ဒရာတစ်စင်းလည်း တည်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဥရောပအာကာသအေဂျင်စီသည် ၎င်း၏ Voyage 2050 စီမံချက်အရ စနေဂြိုဟ်၏ ဂြိုဟ်ရံလဖြစ်သော အင်စီလေးဒပ်စ် ဂြိုဟ်ရံလကို လေ့လာရေးအတွက် အာကာသယာဉ်တစ်စင်းလွှတ်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Voyage 2050 အစီအစဉ်အရ ဥရောပအာကာသအေဂျင်စီသည် အင်စီလေးဒပ်စ်ဂြိုဟ်ရံလလေ့လာရေးအာကာသယာဉ်ကို ၂၀၄၂ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## Dementia ဖြစ်နိုင်ခြေမြင့်မားသည့် အမေရိကန်လူငယ်ပိုင်း အရေအတွက် လွန်ခဲ့သည့် ၁၀ နှစ်ကထက် မြင့်တက်လာ

**နယူးယောက် စက်တင်ဘာ ၃၀**

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Demen-tia)ဖြစ်နိုင်ခြေမြင့်မားသည့် အမေရိကန်လူငယ်ပိုင်း အရေအတွက်သည် လွန်ခဲ့သည့် ၁၀ နှစ်ကထက် မြင့်တက်လာကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း အမေရိကန်နိုင်ငံသားများ အထူးသဖြင့် လူငယ်ပိုင်းများကြား တွေးတောဆင်ခြင်မှု စွမ်းရည်ကျဆင်းမှုနှုန်းမှာ ၄၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အရေအတွက်အားဖြင့် ခုနစ်သန်းကျော်ထိရှိလာကြောင်း သိရသည်။

ယေးလ်တက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့်အထက် အမေရိကန်နိုင်ငံသား ၄ ဒသမ ၅ သန်းတို့၏ ၂၀၁၃ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ကြား ဦးနှောက်ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အမေရိကန်လူငယ်များကြား တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုဖြစ်စဉ် အရေအတွက်မှာ ၂၀၁၃ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းထိ မြင့်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## လူကြီးပိုင်းများ နှလုံးရုတ်တရက် ဖောက်မှုများ၏ နောက်ကွယ်၌ အခြားနောက်ခံအကြောင်းတရားများရှိနေ

**နယူးယောက် စက်တင်ဘာ ၃၀**

လူကြီးပိုင်းများ နှလုံးရုတ်တရက်ဖောက်မှုများ၏နောက်ကွယ်၌ အခြားနောက်ခံအကြောင်းတရားများရှိနေကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

မာကျစ်လာသည့် နှလုံးသွေးကြောများအတွင်း သွေးခဲများပိတ်ဆို့မှုသည် နှလုံးရုတ်တရက်ဖောက်မှု၏ အဓိကအကြောင်းတရားဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လူကြီးပိုင်းများကြား နှလုံးရုတ်တရက်ဖောက်မှုများ၏နောက်ကွယ်၌ အခြားနောက်ခံ အကြောင်းတရားများရှိနေကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ နှလုံးသွေးကြောနံရံများ ရုတ်တရက်စုတ်ပြဲမှု၊ နှလုံးသွေးကြော ယာယီကျုံ့ဝင်မှု၊ နှလုံးအတွင်း အောက်ဆီဂျင်ပြတ်လပ်မှု စသည့်ပြဿနာများကြောင့်လည်း လူကြီးပိုင်းများကြား နှလုံးရုတ်တရက်ဖောက်နိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၀ ကြား နှလုံးဒဏ်ရာရရှိခဲ့သူ လူနာဦးရေ ၂၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## China Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပနေသည့် China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန် တင်းနစ်မယ် စဝီယာတက်ခ်က ကိုလံဘီယာတင်းနစ်မယ် ကာမီလာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကာမီလာက ပွဲပြီးဆုံးအောင်ကစားနိုင်ခဲ့ခြင်းမရှိဘဲ ဒဏ်ရာကြောင့် အနားယူခဲ့ရသည့်အတွက် စဝီယာတက်ခ်က တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကာမီလာသည် ပထမပွဲငယ် အားယှဉ်ပြိုင်ကစားခဲ့ပြီး (၆-၀) ရလဒ်ဖြင့် ရှုံးနိမ့်ကာ ဒုတိယပွဲငယ်တွင် ဒဏ်ရာပြဿနာကြောင့် ဆက်လက် ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သည့်အတွက် အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ် စဝီယာတက်ခ်အတွက် တတိယပွဲစဉ်အား သက်သောင့်သက်သာဖြင့် တက်ရောက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

သို့သော်လည်း စဝီယာတက်ခ်က ၎င်းအနေဖြင့်လည်း ပွဲပန်းနေကြောင်းနှင့် တင်းနစ်ရာသီ တစ်ရာသီလုံးတွင် ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်ရေးအတွက် ပြိုင်ပွဲတချို့ကို ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကာမီလာ ဒဏ်ရာရသွားသည့် အခြေအနေကို နားလည်သလို တင်းနစ်ရာသီ တစ်ရာသီသည် ရှည်လျားပြီး ပြိုင်ပွဲများပြားသည့်အတွက် အချိန်ဇယားအား သေချာပြင်ဆင်ရန် လိုအပ်ကြောင်း စဝီယာတက်ခ်က ပြောကြားခဲ့သည်။

China Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ တက်ရောက်ခဲ့သည့် စဝီယာတက်ခ်သည် တတိယအဆင့်တွင် အမေရိကန် တင်းနစ်မယ် နာဗာရိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နာဗာရိုက ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် ဘွိုင်ဆန်အား အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Tennis 365**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- အယ်အီသီဟာတ်အသင်းက ခန့်အပ်မည့် နည်းပြစာရင်းတွင် လီဗာပူးအသင်းနည်းပြဟောင်း ကလော့ပ်က ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။
- ဘာစီလိုနာအသင်းက ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသည့် လူငယ်ကွင်းလယ်ကစားသမား ဘာနယ်ကို ၂၀၂၉ ခုနှစ်ထိစာချုပ်ချုပ်ဆိုကာ စာချုပ်ဖျက်သိမ်းကြေးမှာ ယူရိုသန်း ၅၀၀ ဖြစ်ကြောင်း သိရသည်။
- ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာမည့် တိုက်စစ်မှူး ဇက်ခ်ဇီးကို စီးရီးအေကလပ် ကိုမိုအသင်းက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ML**

## ၄၄ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်သည့်စံချိန်ကို ဘာစီလိုနာအသင်း ထပ်မံရရှိ



**ဘာစီလိုနာ စက်တင်ဘာ ၃၀**

လာလီဂါ အမှတ်ပေးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဆိုစီဒက်အသင်းတို့ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ၄၄ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်သည့် စံချိန်ကောင်းကို ပြန်လည် ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် နည်းပြဖလစ် တာဝန်ယူပြီးနောက် တိုက်စစ်ကစားပုံ တိုးတက်လာခဲ့ကာ ယခုပွဲစဉ်အပါအဝင် ပြိုင်ပွဲစုံ ၄၄ပွဲဆက် အနည်းဆုံး သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ၈၁ နှစ်ကြာတင်ရှိနေသည့် စံချိန်ကောင်းကို လိုက်မီနိုင်ခဲ့သည်။

အသင်းအနေဖြင့် ၁၉၄၂-၁၉၄၄ ခုနှစ်ကလည်း နည်းပြဂျူအန်ဂျို့လက်ထက်၌ ၄၄ ပွဲဆက်ဂိုးသွင်းယူနိုင်သည့်စံချိန်ကိုရရှိခဲ့ပြီး အဆိုပါကာလ၌ လာလီဂါဆုဖလားကို ရယူနိုင်ခြင်း မရှိကြောင်း သိရသည်။

နည်းပြဖလစ် လက်ထက်တွင် ဘာစီလိုနာအသင်းသည် လာလီဂါ ပြိုင်ပွဲ ၂၇ ပွဲဆက်တွင် သွင်းဂိုး ၇၃ ဂိုး၊ ချန်ပီယံလိဂ်ပြိုင်ပွဲ ကိုးပွဲတွင် ၂၄ ဂိုး၊ ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ခြောက်ပွဲတွင် သွင်းဂိုး ၂၂ ဂိုး၊ စူပါဖလားပြိုင်ပွဲ နှစ်ပွဲတွင် သွင်းဂိုး ခုနစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၄ ပွဲတွင် သွင်းဂိုး ၁၂၆ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသမိုင်းတွင် ပြိုင်ပွဲစုံ၌ ဆက်တိုက်ဂိုးသွင်းယူနိုင်သည့် နည်းပြများအဖြစ် ၁၉၉၇ ခုနှစ်က နည်းပြဗန်ဂေါက ပြိုင်ပွဲစုံ ၃၇ ပွဲ၊ ၁၉၂၇-၁၉၂၈ ဘောလုံးရာသီတွင် နည်းပြရိုးမားက ပြိုင်ပွဲစုံ ၃၇ ပွဲ၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် နည်းပြ ဗယ်ဗာဒီက ပြိုင်ပွဲစုံ ၃၉ ပွဲ၊ ၁၉၄၂-၁၉၄၄ ခုနှစ်ဘောလုံးရာသီတွင် နည်းပြ ဂျူအန်ဂျို့စ်က ပြိုင်ပွဲစုံ ၄၄ ပွဲ ၊ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် နည်းပြဖလစ်က ပြိုင်ပွဲစုံ ၄၄ ပွဲဆက် ဂိုးရခဲ့သည့် နည်းပြများအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : SI**
**Trs : ML**

## အာဆင်နယ်အသင်းက တောင်ပံကစားသမားဆာကာကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်း

**လန်ဒန် စက်တင်ဘာ ၃၀**

အာဆင်နယ် အသင်းသည် ခံစစ်ကစားသမား ဆာလီဘာကို စာချုပ်သက်တမ်း တိုးခဲ့ပြီးနောက် တောင်ပံကစားသမား ဆာကာကို ကလပ်အသင်း၏ အမြင့်မားဆုံး လုပ်ခလစာပေး၍ စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဆာလီဘာသည် အာဆင်နယ်အသင်းနှင့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သက်တမ်း တိုးခဲ့ပြီးနောက် အာဆင်နယ်အသင်းက စာချုပ်သက်တမ်းနှစ်နှစ်သာ ကျန်ရှိတော့သည့် တောင်ပံကစားသမား ဆာကာကို သက်တမ်းတိုး၍ ဆက်လက်ထိန်းသိမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

နည်းပြအာတီတာသည် အသင်းလူစာရင်း တောင့်တင်းမှုရှိစေရန် နွေရာသီ အပြောင်းအရွှေ့ကာလက တိုက်စစ်မှူး ဂိုကာရက်စ်၊ ဇူဘီမန်ဒီတို့ကိုခေါ်ယူခဲ့သည့်အပြင် ခံစစ်ကစားသမား ဆာလီဘာ၊ တောင်ပံကစားသမား နဝမ်နာရီ၊ စကယ်လီတို့ကို သက်တမ်းတိုးခဲ့ပြီးနောက် ဆာကာကိုဆက်လက်သက်တမ်းတိုးနိုင်ရန် ဆွေးနွေးနေပြီး လာမည့်ရက်သတ္တပတ်အတွင်း သဘောတူညီမှုရရှိရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားဖြစ်သည့် တိုက်စစ်မှူးဆာကာသည် လက်ရှိအာဆင်နယ်အသင်းတွင် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၉၅၀၀၀ထိရရှိနေပြီး စာချုပ်သစ်ချုပ်ဆိုပြီးပါက အသင်းတွင် ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်လာမည် ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

## Team Europe ဂေါက်သီးရိုက်အသင်း၏ အသင်းခေါင်းဆောင်ရာထူးအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရန် တံခါးဖွင့်ထားဆဲဖြစ်ကြောင်း လုခ်ဒေါ်နယ်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၃၀**

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Team Europe အတွက် နှစ်ကြိမ်ဆက်တိုက် ဆုဖလားရရှိအောင် စွမ်းဆောင်ပေးထားသည့် အသင်းခေါင်းဆောင် လုခ်ဒေါ်နယ်သည် အသင်းခေါင်းဆောင်တာဝန်မှ အနားယူဖွယ်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် လုခ်ဒေါ်နယ်က ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး တရားဝင် ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လုခ်ဒေါ်နယ်အနေဖြင့် Team Europe ဂေါက်သီးရိုက်အသင်း၏ အသင်းခေါင်းဆောင် တာဝန်ကို ဆက်လက် ထမ်းဆောင်သွားရန် ဆန္ဒရှိနေပြီး စာချုပ်အတွက် ဆွေးနွေးမှုပြုလုပ်ရန် တံခါးဖွင့်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Team Europe သည် ယခုနှစ် Ryder Cupဆုဖလားအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမတိုင်မီ လုခ်ဒေါ်နယ် အသင်းခေါင်းဆောင် အဖြစ်မှ အနားယူပါက အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်က အသင်းခေါင်းဆောင် တာဝန်ထမ်းဆောင် သွားဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

လုခ်ဒေါ်နယ်သည် Team Europe နှင့်အတူ Ryder Cup ဆုဖလားကို သုံးကြိမ်မြောက်ရယူနိုင်ရန် ဆန္ဒရှိနေခြင်းကြောင့် အသင်းခေါင်းဆောင် တာဝန်ကို ထမ်းဆောင်ရန် လမ်းဖွင့်ထားခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Team US ၏ အသင်းခေါင်းဆောင်ဖြစ်သူ ဘရက်ဒလေက "ကျွန်တော့်အမြင်မှာတော့ ဥရောပအသင်းအတွက် လုခ်ဒေါ်နယ်က ထာဝရအကောင်းဆုံး အသင်းခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ ပြိုင်ပွဲထဲမှာ ဘယ်ကစားသမားကို ဘယ်လိုပွဲမျိုး ကစားစေမလဲဆိုတာကို စနစ်တကျ သူလုပ်တတ်တယ်။ အသင်းရလဒ်ကောင်းဖို့အတွက် ဘယ်လိုကစားသမားကို ဘယ်လိုနေရာမှာ အသုံးပြုရမလဲဆိုတာကိုလဲ သူကောင်းကောင်းသိတယ်။နောက်တစ်ချက်က အတွဲလိုက်ကစားရတဲ့ ပွဲစဉ်တွေမှာဆိုရင် တွဲဖက်ပေးသင့်တဲ့ ကစားသမားကို အသင့်တော်ဆုံး တွဲဖက်ပေးနိုင်တယ်" ဟု ချီးကျူးခဲ့ကြောင်း သိရသည်။



**Ref : Skysports**
**Trs : AZL**

# စပါးတိုက်စစ်မှူးဆိုလန်ကီ ဒဏ်ရာခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း နည်းပြဖရန့် ပြောကြား



**လန်ဒန် စက်တင်ဘာ ၃၀**

စပါးအသင်း တိုက်စစ်မှူး ဆိုလန်ကီသည် ရာသီအစ မန်စီးတီး အသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် အသင်း တိုက်စစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်ကြောင်း နည်းပြ ဖရန့်က ပြောကြားခဲ့သည်။

ဆိုလန်ကီသည် ရာသီကြို လေ့ကျင့်ရေး အစီအစဉ်တွင် ခြေဖနောင့်ဒဏ်ရာကြောင့် အနားယူခဲ့ရပြီး မန်စီးတီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပြန်လည်ပါဝင်၍ ဒုတိယပိုင်း ပွဲပြီးဆုံးခါနီး ၁၂ မိနစ် အလိုတွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ကာ အသင်းဖော်ကစားသမား ရစ်ချာလီဆင်နှင့် လူစားလဲခဲ့ရသည်။

ဆိုလန်ကီ၏ ဒဏ်ရာမှာ ပြင်းထန်မှုမရှိသဖြင့် အစောပိုင်းက ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်သော်လည်း ယခုလအတွင်း အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ကြံ့ခိုင်မှု လိုအပ်ချက်ရှိနေသောကြောင့် ခွဲစိတ်ကုသရန် ဆုံးဖြတ်ခဲ့သည်ဟု နည်းပြဖရန့်က ပြောကြားခဲ့သည်။

လက်ရှိအသင်းတွင် ဆိုလန်ကီ အပါအဝင် အဓိက ကစားသမားများ ဖြစ်သည့် ဒရာဂူဆင်နှင့် ကူလူဆက်စကီးတို့ ဒဏ်ရာရနေသည့်အပြင် ကွင်းလယ်ကစားသမား မက်ဒီဆင်သည်လည်း ရာသီကြို ခြေစမ်းပွဲတွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ကာဆာဒိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆သန်း သတ်မှတ်

**ဘာစီလိုနာ စက်တင်ဘာ ၃၀**

ဘာစီလိုနာအသင်းက ပရီးမီးယားလိဂ်ကလပ် အသင်းများက ခေါ်ယူရန် ကြိုးပမ်းနေသည့် အသင်းမှ ကွင်းလယ်ကစားသမား ကာဆာဒိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆ သန်း သတ်မှတ်ခဲ့သည်။

ကာဆာဒိုသည် ဘာစီလိုနာ အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်း၏ ကြယ်ပွင့် ကစားသမားတစ်ဦး အဖြစ် သတ်မှတ်ခံထားရသော်လည်း အသင်းကွင်းလယ်ပိုင်းတွင် ထိပ်တန်းကစားသမားများ ရှိနေသည့်အတွက် ကာဆာဒိုကို ရောင်းချလိုနေခြင်း ဖြစ်ကြောင်း သိရသည်။

ကာဆာဒိုကို ပြီးခဲ့သည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ်မှ ထိပ်တန်းကလပ် အသင်းအများစုက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလ သို့မဟုတ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆သန်း သတ်မှတ်ထားကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# အသုံးပြုခွင့်မရှိသည့် ကစားသမားအသုံးပြုမှုအတွက် ဖီဖာက တောင်အာဖရိကအသင်းကို ရမှတ် သုံးမှတ်လျှော့ ပြစ်ဒဏ်ချမှတ်

**ဇူးရစ် စက်တင်ဘာ ၃၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က တောင်အာဖရိကအသင်းကို အသုံးပြုခွင့်မရှိသည့် ကစားသမား အသုံးပြုမှုအတွက် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်စေခဲ့ပြီး ရမှတ် သုံးမှတ် လျှော့ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ အာဖရိကဇုန် ခြေစစ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် တောင်ဖရိကအသင်းက လီဆိုသိုအသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တောင်အာဖရိကအသင်းက အသုံးပြုခွင့်မရှိသည့်ကစားသမား တစ်ဦးကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

တောင်အာဖရိက အသင်းက လီဆိုသိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တောင်အာဖရိက အသင်းသည် အသုံးပြုခွင့်မရှိသည့် ကစားသမားဖြစ်သည့် မိုကီနာအား အသုံးပြုခဲ့ခြင်းဖြစ်သည်။

မိုကီနာသည် အဝါကတ်အကြိမ် ရေပြည့်မြောက်ပြီး ပွဲပယ်ခံထားရသော်လည်း တောင်အာဖရိက အသင်းက လီဆိုသိုအသင်းနှင့် ပွဲစဉ်တွင် မိုကီနာကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် ဖီဖာက တောင်အာဖရိကအသင်းကို အရှုံးပေးခဲ့ပြီး လီဆိုသိုအသင်းကို အနိုင်ပေးရန် ဆုံးဖြတ်ခဲ့သည့်အတွက် တောင်အာဖရိကအသင်း အနေဖြင့် အုပ်စုအဆင့် ဒုတိယ နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံစိန်ခေါ်ခွင့်အတွက် ဆန်းချက်ဇ်၏ကမ်းလှမ်းမှုကို မော့ဆက် ပယ်ချ

**ဘရက်တီဆလာဗာ စက်တင်ဘာ ၃၀**

WBA Internationalနှင့် WBO Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံ ဆလိုဗက်ကီးယားလက်ဝှေ့သမား မော့ဆက်သည် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ စိန်ခေါ်ခွင့်အတွက် ကျူးဘား လက်ဝှေ့သမား ဆန်းချက်ဇ်၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း ဆန်းချက်ဇ်က ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။



အသက် ၂၀ သာရှိသေးသည့် မော့ဆက်သည် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်ထားသူဖြစ်သည်။

မော့ဆက်သည်ဆန်းချက်ဇ်၏ စိန်ခေါ်မှုကို လက်ခံထိုးသတ်ပြီး အနိုင်ရရှိခဲ့လျှင် ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံ ဆုရထားသည့် အုဆက်ခ်ကို စိန်ခေါ်ထိုးသတ်ခွင့် ရမည်ဖြစ်သည်။

IBFအဖွဲ့ချုပ်ကလည်း မော့ဆက်၏တုံ့ပြန်မှုကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပြီး မော့ဆက်နှင့် ဆန်းချက်ဇ်တို့ကိုလည်း ပြန်လည်ညှိနှိုင်းရန် ညွှန်ကြားထားကြောင်းသိရသည်။

ဆန်းချက်ဇ်၏ မန်နေဂျာ ဖြစ်သူ ဘိုရာအိုက "အရမ်းကို ကြံ့ခိုင်တဲ့ဆန်းချက်ဇ်ကို စိန်ခေါ်ထိုးသတ်သွားဖို့ ဘယ်လက်ဝှေ့သမားကမှ လက်မခံရဲဘူးဖြစ်နေတယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလတုန်းက ဆန်းချက်ဇ်ဟာ အီချီဗာရီယာကို သက်သောင့်သက်သာနဲ့ အနိုင်ယူထိုးသတ်ပြထားလို့ သူ့ရဲ့ စိန်ခေါ်မှုကို လက်မခံရဲကြဘူးဖြစ်နေတာ။ မော့ဆက်လဲ ဆန်းချက်ဇ်ရဲ့စိန်ခေါ်မှုကို ငြင်းဆန်လိုက်တာကလဲ ဆန်းချက်ဇ်နဲ့ မရင်ဆိုင်ရဲသေးလို့ပါ။မော့ဆက်ဟာ အနာဂတ်ကြယ်ပွင့်ဖြစ်သလို လက်ရှိမှာလဲ စူပါစတား တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့လဲ မော့ဆက်ဟာ ဆန်းချက်ဇ်အတွက်တော့ ငယ်သေးတယ်။ ဆန်းချက်ဇ်ဟာ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဖြစ်ချင်နေတယ်။ ဒါကြောင့် ဘယ်လိုပြိုင်ဘက်မျိုးကိုမဆို ရင်ဆိုင်သွားဖို့အဆင်သင့်ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# ထိုင်းအမျိုးသား ယူ- ၁၇ ဖိတ်ခေါ်ဖလား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ-၁၇အသင်း ဖိတ်ကြားခံထားရ

**ရန်ကုန် စက်တင်ဘာ ၃၀**

ထိုင်းနိုင်ငံတွင် ကျင်းပမည့် အမျိုးသား ယူ-၁၇ ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာအမျိုးသား ယူ-၁၇ အသင်းအား ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခံထားရကြောင်း သိရသည်။

မြန်မာယူ-၁၇ အသင်းသည် နိုင်ငံတကာ ပြိုင်ပွဲများအတွက် အတွေ့အကြုံရရှိစေရန် အဆိုပါ ထိုင်းယူ -၁၇ ဖိတ်ခေါ်ဖလား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၇ နှင့်အတူ BG Pathum ၊ Prime ၊ Chonburi ၊ Assumption ၊ Rajnavy ၊ IWAK ၊ PVF Vietnam အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းသည် လက်ရှိအချိန်တွင် နိုင်ငံတကာ ပြိုင်ပွဲများအတွက် အတွေ့အကြုံ ကောင်းများရရှိနိုင်ရန် FIcons FC အသင်းအမည်ဖြင့် MNL U-21 လိဂ်အား ပါဝင်ကစားနေသော အသင်းဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာတစ်ဝန်းအားသွန်ခွန်စိုက်ဖြည့်ကျင့်စီမံဆောင်ရွက်ရမည့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး

ကမ္ဘာ့နိုင်ငံအသီးသီး၌ အမျိုးမျိုးအဖုံဖုံရင်ဆိုင်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များနှင့် အတူ တရိပ်ရိပ်တိုးပွားများပြားလာသော သက်ကြီးပုဂ္ဂိုလ်များအရေးကား ၂၁ ရာစု၏ အဓိကစိန်ခေါ်မှုကြီးများဖြစ်လာသည်။

**သက်ကြီးသူများတိုးလာသော ကျွန်ုပ်တို့ကမ္ဘာ**

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၉ ခုနှစ်က အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေ ၇၀၃ မီလီယံရှိရာမှ ဆယ်စုနှစ်သုံးခုကြာ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် နှစ်ဆတိုးကာ ၁ ဒသမ ၅ ဘီလီယံ ရှိလာတော့မည်။ ကမ္ဘာ့အရှေ့ဘက်ခြမ်းနှင့် အရှေ့တောင်အာရှ ဒေသတွင် ၂၀၁၉ ခုနှစ်က ၂၆၁ မီလီယံသာရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၅၇၃ မီလီယံရှိလာမည်ဖြစ်၍ သက်ကြီးတိုးပွားမှု အများဆုံးဒေသ ဖြစ်လာတော့မည်။ ထို့နောက်တွင် ဥရောပနှင့် မြောက်အမေရိကတို့က သက်ကြီးအရေအတွက် မီလီယံ ၂၀၀ ဖြင့် ဒုတိယအများဆုံးဒေသများဖြစ်လာမည်။ မြောက်အာဖရိကနှင့် အနောက်အာရှဒေသတို့တွင် ၂၀၁၉ ခုနှစ်က ၂၉ မီလီယံသာရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၉၆ မီလီယံထိ (၂၂၆ ရာခိုင် နှုန်း) တိုးပွားလာမည်။ အာဖရိက ဆာဟာရဒေသတွင်လည်း ၂၀၁၉ ခုနှစ်က ၃၂ မီလီယံရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၁၀၁ မီလီယံ (၂၁၈ ရာခိုင်နှုန်း)ထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။

ဆန့်ကျင်ဘက်အားဖြင့် ကမ္ဘာ့အခြားနေရာဒေသများအားလုံးထက် သက်ကြီးပုဂ္ဂိုလ်ဦးရေ သိသိသာသာများနှင့်နေပြီးဖြစ်သည့် သြစတြေးလျနှင့် နယူးဇီလန်တို့တွင် ၈၄ ရာခိုင်နှုန်း၊ ဥရောပနှင့်မြောက်အမေရိကတို့တွင် ၄၈ ရာခိုင်နှုန်းဖြင့် သက်ကြီးတိုးပွားမှုနှုန်းနည်းနေမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထက် ဖွံ့ဖြိုးမှုလုံးဝမရှိသော နိုင်ငံများတွင် ကမ္ဘာ့သက်ကြီးပုဂ္ဂိုလ်ဦးရေ၏ သုံးပုံနှစ်ပုံခန့် (၁ ဒသမ ၁ ဘီလီယံ) ထိ ရှိလာမည်ဖြစ်သည်။

**အမှည့်တဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးတိုးပွားနှုန်း မြင့်တက်လာသည်ဖြစ်ရာ ၁၉၈၃ ခုနှစ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂ ဒသမ ၂ သန်း (နိုင်ငံ့လူဦးရေ၏ ၆ ဒသမ ၄ ရာခိုင်နှုန်း)၊ ၂၀၁၄ ခုနှစ်တွင် ၄ ဒသမ ၅ သန်း (နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်း)၊ ၂၀၁၉ ခုနှစ်တွင် ၅ ဒသမ ၂ သန်း (နိုင်ငံ့လူဦးရေ၏ ၁၀ ဒသမ ၁ ရာခိုင်နှုန်း)ထိ တိုးလာပြီဖြစ်ကြောင်း ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်း အချက်အလက်များက သက်သေပြနေသည်။

**ကုလသမဂ္ဂအခြေခံမူများ**

ဤသို့ကမ္ဘာတစ်ဝန်း သက်ကြီးပုဂ္ဂိုလ်များ တိုးပွားလာမည့်အရေးကို ချင့်မြော်တွေးဆကာ ကုလသမဂ္ဂကဦးဆောင်၍ ၁၉၈၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၂ ခုနှစ်တွင် တစ်ကြိမ် ကမ္ဘာ့သက်ကြီးပုဂ္ဂိုလ်များ ညီလာခံနှစ်ကြိမ်ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့သည်။ နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့" ဟု ဂုဏ်ပြုသတ်မှတ်ပေးခဲ့သည်။ သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝလုံခြုံမှုရပိုင်ခွင့်များရရှိလာစေရန်အလို့ငှာ ၁၉၉၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အခြေခံမူများ ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ သက်ကြီးပုဂ္ဂိုလ်များ စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝဖွံ့ဖြိုးမှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့်အပန်းဖြေမှုဆိုင်ရာ အရင်းအမြစ်များ ရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများဖြစ်စေခွင့် စသည်တို့ဖြစ်သည်။

**သက်ကြီးသူများဘဝစိုပြည်လှပစေဖို့**

အထက်ပါအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအင်ဆန္ဒ၊ ကျန်းမာပျော်ရွှင်လိုမှု၊ ရရှိခံစားအပ်သောအခွင့်အရေးများကို အထူးအလေးထားဖော်ဆောင်ပေးရန် မျိုးဆက်သစ်များအားလုံးတွင် တာဝန်ရှိသည်။ သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံး၌ ဒေသအလိုက် မတူကွဲပြားသော ပထဝီအနေအထား၊ ယုံကြည်ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဓနအင်အားစသည်တို့နှင့် အပ်စပ်လျော်ညီသော အစီအမံများ၊ မူဝါဒများချမှတ်၍ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုသည်။ သက်ကြီးပုဂ္ဂိုလ်များဘဝ ပိုမိုစိုပြည်လှပစေရန် ဖြည့်ဆည်းပေးလိုသောဆန္ဒ၊ ချမ်းသာသုခပြည့်ဝစေလိုသောစေတနာ၊ ဆောင်ရွက်ပေးနိုင်သော လုပ်ပိုင်ခွင့်များဖြင့် ဘက်စုံထောင့်စုံက ဖြည့်စွမ်းပေးကြရမည်။ ဤသို့ ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ၎င်းတို့အတွက် စိုးရိမ်သောကဖြစ်ရမှုများ၊ နောက်ဆံတင်းရမှုများမရှိဘဲ မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးနှင့် မိမိမိသားစုအတွက် ပြင်းပြသောရည်မှန်းချက်နှင့် ဘဝရှင်သန်ရပ်တည်မှုအတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းဆောင်တာအဖြာဖြာကို လွတ်လပ်ပေါ့ပါး ပျော်ရွှင်စွာဆောင်ရွက်နိုင်မည်မှာ မလွဲပေ။ ထို့ကြောင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး" (Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights) ဟု ချမှတ်တိုက်တွန်း နှိုးဆော်လိုက်ခြင်း ဖြစ်ပေမည်။




**ကျားကြီးခြေရာကြီးဆောင်ရွက်နိုင်မှု**

ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ အမေရိကန် စသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးအရေအတွက်သည် နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထက်သို့ ရောက်ရှိနေပြီဖြစ်ရာ သက်ကြီးဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကထက်တိုးမြှင့်ဆောင်ရွက်နေရသည်။ အထူးသဖြင့် သက်ကြီးပုဂ္ဂိုလ်ဦးရေ စံချိန်တင်မြင့်တက်နေသော ဂျပန်နိုင်ငံတွင် လုပ်သားအင်အားချို့ငဲ့မှုကြောင့် ပြည်ပနိုင်ငံများမှ ကျွမ်းကျင်စောင့်ရှောက်ရေးဝန်ထမ်းများ ငှားရမ်းရသည်သာမက စက်ရုပ်သူနာပြုများကို တွင်ကျယ်စွာ အသုံးပြုနေရပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် Waku Waku Japanese Language Academy မှ ဂျပန်ဘာသာစကားသင်တန်းနှင့် သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်ရေး သင်တန်းဆင်းများစွာတို့သည် ဂျပန်သို့သွားရောက်လုပ်ကိုင်လျက်ရှိသည်။ အချို့နိုင်ငံများတွင် ဆေးပညာနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် ခရီးသွားလုပ်ငန်းသာမက သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှု ခရီးသွားလုပ်ငန်း (Elderly Care Tour-ism-ECT) ကိုပါ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအတွက် ပျော်ရွှင်ဖွယ်ခရီးသွားအတွေ့အကြုံများ ဖန်တီးပေးရန် နောက်ဆုံးပေါ် ခရီးသွားဝန်ဆောင်မှုများဖြင့် သက်ကြီးပုဂ္ဂိုလ် အပန်းဖြေရထားပြေးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေသည်ဟုသိရသည်။ အထက်ပါ ဖွံ့ဖြိုးပြီးနိုင်ငံတချို့၏ ကျားကြီးခြေရာကြီး ဆောင်ရွက်နိုင်မှုများအပေါ် မုဒိတာပွားမိသည်။ သို့ရာတွင် ဓနအင်အားမကြွယ်ဝသေးသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စိုးရိမ်အားငယ်နေရန် မလိုပေ။ မိမိဒေသ၊ မိမိနိုင်ငံနှင့်လျော်ညီသော "အဖိုးနည်းဝန်ပါ" သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**အသက်အရွယ်ကြီးသူတို့ကိုအလေးအမြတ်ပြု**

နိုင်ငံတော်အစိုးရက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံကိန်းနှင့် မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကို ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆) နှင့် နည်းဥပဒေများ (၂၀၂၂) တို့ကို ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့်ဒေသဆိုင်ရာအဆင့်ဆင့်သောကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ သက်ကြီးလူမှုရေးပင်စင်ပံ့ပိုးမှုကို ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ အသိအမှတ်ပြုဘိုးဘွားရိပ်သာများနှင့် သက်ကြီးသူချင်းကူညီ စောင့်ရှောက်ရေးအဖွဲ့များကို နှစ်စဉ်ပံ့ပိုးမှု ပြုလျက်ရှိသည်။ များမကြာမီ အရွယ်တစ်ခုသို့ ရောက်ရှိလာတော့မည့် လူငယ်လူရွယ်များဘဝ နောင်ရေးစိတ်အေးနိုင်ရန်နှင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံရေး၊ အမှီအခိုကင်းကင်းနှင့် ရပ်တည်နိုင်ရေးအတွက် **"အမျိုးသားအဆင့်သက်ကြီးမူဝါဒ" (မူကြမ်း)** ရေးဆွဲပြီးဖြစ်သည်ဟုသိရ၍ ဝမ်းမြောက်ကြည်နူးမိပါသည်။

**လူငယ်နှင့်သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေးတာဝန်**

လူကြီးမိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထားခြင်းနှင့် စောင့်သိရိုသေခြင်းသည် ဘိုးစဉ်ဘောင်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ တစ်ရပ်ဖြစ်သည်။ ထိုအစဉ်အလာကို ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်၍ လက်ဆင့်ကမ်း ထမ်းရွက်ကြရေးမှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည်မလွဲသာ၍စောင့်ရှောက်ရမည့်ဝတ္တရားတစ်ခုမဟုတ်ဘဲ မလွဲမသွေသားစဉ်မြေးဆက် ထမ်းရွက်ရမည့် တာဝန်ဖြစ်ကြောင်း မျိုးဆက်သစ်များ ခံယူကျင့်သုံးတတ်အောင် ရှေ့ဆောင်လမ်းညွှန်မှုပြုကြရမည်။

"စာရိတ္တဖွံ့ဖြိုးမှုအစပြည်သူ့နီတိက" ဆိုသည့်အတိုင်း အခြေခံပညာကျောင်းများ၌ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ပို့ချရာတွင် လည်းကောင်း၊ ဓမ္မကျောင်းတော်ခေါ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင်လည်းကောင်း လူကြီး မိဘဆရာသမားများ၏ ဂုဏ်ကျေးဇူးကိုအထူး သိမြင်၍ ပြန်လည်ပေးဆပ်သင့်ကြောင်းကို ယခင်ကထက်ပို၍ အကျယ်တဝင့်ဆွေးနွေးပို့ချသင့်ပေသည်။ ထို့ပြင် အမြို့မြို့အနယ်နယ်တွင် ကျင်းပနေကြသော လူငယ်ဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ ဟောပြောပွဲနှင့် Talk Show များတွင် "လူငယ်နှင့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေးတာဝန်" ဟူသော ခေါင်းစဉ်တစ်ရပ်ကို ထည့်သွင်းဆွေးနွေးရန်အကြံပြုလိုသည်။ သို့မှသာ တစ်ယောက်ကစတစ်ရာ ဆိုသည့်အတိုင်း အသိမကြွယ်သေးသော ကလေးသူငယ်များစွာကို စည်းရုံးစေ့ဆော်နိုင်မည်ဖြစ်သည်။

**ကျန်းမာတက်ကြွသောသက်ကြီးဘဝရရှိကြဖို့**

တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းကို ဖော်ဆောင်ရာတွင် သက်ကြီးပုဂ္ဂိုလ်များအားလုံး ရုပ်ပိုင်းရောစိတ်ပိုင်းပါ ကျန်းမာကြရန်လိုသည်။ အစောင့်ရှောက်ခံအပြုစုခံ လူတစ်စုမဟုတ်ဘဲ ၎င်းတို့၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားဖြင့် လူ့ဘောင်လောကကို ဆက်လက်အကျိုးပြုနိုင်မည့် အင်အားစုကြီးတစ်ရပ်ဖြစ်လာရန်လိုသည်။ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသေးသော သက်ကြီးပုဂ္ဂိုလ်များအတွက် သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကြရမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခံယူကျင့်သုံးသော ကျန်းမာတက်ကြွ သက်ကြီးဘဝကိုရရှိအောင် ကူညီဆောင်ရွက်ပေးကြရမည်။ ၎င်းတို့ဝါသနာထုံရာနယ်ပယ်တွင် လွတ်လပ်စွာ သက်ဝင်လှုပ်ရှားနိုင်မည့် Senior Activity Center များ၊ သက်တူရွယ်မျှမိတ်ဆွေအပေါင်းအသင်းများနှင့် မကြာခဏတွေ့ဆုံ နှီးနှောနိုင်မည့် Age Friendly Environment အစီ အစဉ်များ၊ ပရဟိတ သင်္ဂဟလုပ်ငန်းများတွင်ပါဝင်မွေ့လျော်နိုင်ရေးစသည်ဖြင့် စိတ်ပျိုကိုယ်နုဇရာကို အန်တုနိုင်သူများဖြစ်အောင် ဖြည့်ဆည်းပေးကြရမည်။ အစိုးရ၊ ပုဂ္ဂလိက သက်ကြီး နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ တိုးပွားလာရန်လိုအပ်သကဲ့သို့ အနယ်နယ် အရပ်ရပ်ရှိ ဘိုးဘွားရိပ်သာများ အရှည်ခံ့၍ တည်တံ့အောင် ဝိုင်းဝန်းပံ့ပိုးလှူဒါန်းကြရမည်။ ဝန်ထမ်းဟောင်းအသင်းများအပါအဝင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအသင်းများ ပိုမိုခိုင်မာအားကောင်းလာရေးအတွက်လည်း ပံ့ပိုးကူညီပေးကြရမည်။

သို့ဖြစ်၍ ဖြည့်ကျင့်စီမံဆောင်ရွက်ဖွယ်ရာအဖြာဖြာကို ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်၍ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရမည်။ သို့မှသာ မိမိတို့၏လူကြီးသူမ သက်ကြီးဝါကြီးများကို လက်ငင်းကျေးဇူးပြုနိုင်မည်ဖြစ်သည့်အပြင် နောင်တိုးပွားလာမည့်သက်ကြီးပုဂ္ဂိုလ်များကိုလည်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆို စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **https://social.desa.un.org/issues/age-ing/international day of older persons homepage.**
- **နေ့စဉ်ထုတ် သတင်းစာများ။**

ကြည်ထွန်း(လှမူ)

# သရုပ်ဆောင် ခန့်စည်သူ မိသားစုက ပြည်မြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် သံဃာတော်အပါး ၉၀၀ ကျော်ကို ဆွမ်းနှင့်ဆွမ်းဟင်းများ လှူဒါန်း



**ပြည် စက်တင်ဘာ ၃၀**

သရုပ်ဆောင် ခန့်စည်သူ မိသားစုက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် သံဃာတော်အပါး ၉၀၀ ကျော်အား ဆွမ်းနှင့်ဆွမ်းဟင်းများ လှူဒါန်းခြင်းကို စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူထံမှ သိရသည်။

သရုပ်ဆောင် ခန့်စည်သူ မိသားစုက ပြည်မြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီး မြောက်ဘက်မုခ်တွင် ပြည်မြို့အတွင်းရှိ စာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ပင့်သံဃာတော်အပါး ၉၀၀ ကျော်ကို ဆွမ်းနှင့်ဆွမ်းဟင်းများ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုအစုစုအတွက် အလှူငွေကျပ်သိန်း ၁၅၀ ခန့်ဖြစ်ကြောင်း သိရသည်။

"မြတ်စွာဘုရား အမွှေးပြုသော ပြည်မြို့လုံးဆိုင်ရာ သံဃာတော်အပါး ၉၀၀ ကျော်ကို အရုဏ်ဆွမ်း၊ ကြက်သားကြော်၊ ငါးခြောက်ငါးပိချက်နှင့် ဗယာကြော်ဆွမ်းဟင်းတွေကို နံနက် ၄နာရီ မိနစ် ၃၀ မှာ ပြည်မြို့ ရွှေဆံတော်စေတီတော်ကြီးရဲ့ မြောက်ဘက်မုခ်ရှေ့မှာ ကုသိုလ်ယူ လှူဒါန်းခဲ့ပါတယ်" ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

အလားတူ သရုပ်ဆောင် ခန့်စည်သူ မိသားစုက ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး(နေပြည်တော်) ဆီးနှင့်ကျောက်ကပ်ဌာနရှိ လူနာများနှင့် ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေလှူဒါန်းခြင်းကိုလည်း စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ASH

# ထိုင်းနိုင်ငံ၌ ကျင်းပသည့် Miss Grand International 20205 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် JK Sophia ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

ထိုင်းနိုင်ငံ၌ ကျင်းပသည့် Miss Grand International 20205 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် JK Sophia ဝင်ရောက် ယှဉ်ပြိုင်နေကြောင်း မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် JK Sophia ထံမှ သိရသည်။

အဆိုပါ Miss Grand International 20205 ပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အလှမယ် JK Sophia အနေဖြင့် Designer ဦးရေ ၂၀ က မြန်မာနိုင်ငံမှ တွင်းထွက်အဖိုးတန် ကျောက်မျက်ရတနာများ၊ ရာသီအလိုက် ပန်းပေါင်းစုံများကို ပုံဖော်ထားသည့် ဝတ်စုံ ၄၀ ကျော်ကို ဝတ်ဆင်ကာ အကောင်းဆုံး ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

"တော်တော် စိတ်လှုပ်ရှားမိပါတယ်။ International ရဲ့ ပထမဦးဆုံး စတိတ်ပေါ်အတွက် စထွက်တာလဲဖြစ်လို့ အများကြီး ကြိုးစားသွားမှာပါ။ အားပေးကြပါအုံးလို့ပြောချင်ပါတယ်" ဟု အလှမယ် JK Sophia က ပြောပြသည်။

Miss Grand International 20205 ပြိုင်ပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဗြိတိန်၊ ပီရူး၊ အမေရိကန်၊ စပိန်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ အိန္ဒိယစသည့် နိုင်ငံပေါင်း ၄၀ ကျော်က နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင် လျက်ရှိကြောင်း သိရသည်။



ASH

# တေးသံရှင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်ဖျော်ဖြေမည့် Star Legends Live တေးဂီတဖျော်ဖြေပွဲကို အမျိုးသားဇာတ်ရုံ (ရန်ကုန်) တွင် ကျင်းပပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

တေးသံရှင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်ဖျော်ဖြေတင်ဆက်မည့် Star Legends Live တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ Star Legends Live တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဆင်နွှဲမည့် သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မျိုးကျော့မြိုင်၊ သာဒီးလူ၊ နီနီခင်ဇော်၊ ချောစုခင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး သရုပ်ဆောင် အလင်းရောင်၊ အေးချမ်းမောင်၊ ခင်ဝင့်ဝါ၊ ပန်းရောင်ခြယ်တို့နှင့် အားပေးသူပရိသတ်များ တွေ့ဆုံမှု Fan Club အစီအစဉ်ကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာ ၅ ရက်မှာ App Show နဲ့ Star Legends Live ပွဲမှာ ပန်းရောင်နဲ့အတူ အခြားအနုပညာရှင်တွေ အများကြီး ဖျော်ဖြေကြမှာဖြစ်ပါတယ်။ ပန်းရောင်ရဲ့ချစ်ရတဲ့ ပရိသတ်တွေကော၊ Fan Club ကောချစ်စရာ သီတင်းကျွတ်ညလေး အမှတ်တရ ဖန်တီးချင်ပါတယ်။ တကယ်လို့ အတူကဲကြမယ်ဆိုရင် လာရောက်အားပေးဖို့ ဖိတ်ခေါ်ပါတယ်။ ကိုယ်ချစ်တဲ့သူတွေနဲ့ အတူ သီတင်းကျွတ်လေးမှာ အတူဖြတ်သန်းကြမယ်"ဟု သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို App Show application က စီစဉ်ခြင်းဖြစ်ပြီး တေးသံရှင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်ဖျော်ဖြေမည့် Star Legends Live တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီမှ ည ၁၀ နာရီထိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြ၍ သိရသည်။

ASH

# The Tiger Slam ဇာတ်ကားအတွက် ဇာတ်ညွှန်းကို အဲလက်ကွန်ဗေးက ရေးသားပေးမည်

**နယူးယောက် စက်တင်ဘာ ၃၀**

Amazon MGM ကုမ္ပဏီ၏ The Tiger Slam အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဲလက်ကွန်ဗေးက ရေးသားပေးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

The Tiger Slam ဇာတ်ကားသည် စာရေးဆရာ ကီဗင်ကွတ်၏ The Tiger Slam အမည်ရှိဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။


The Tiger Slam ဝတ္ထုသည် ကမ္ဘာကျော်ဂေါက်သီးရိုက် အားကစားသမား တိုက်ဂါးဝုဒ်၏ ဘဝကို ပုံဖော်ရေးသားထားသည့် ဝတ္ထုဖြစ်ကြောင်း သိရသည်။

The Tiger Slam ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ရိုင်နယ်ဒိုမားကပ်ဂရင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဒါရိုက်တာ ရိုင်နယ်ဒိုမားကပ်ဂရင်းသည် King Richard ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်သည်။

လက်ရှိတွင် The Tiger Slam ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Amazon MGM ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# Highlander ဇာတ်ကားသစ်၌ နပန်းအားကစားသမား ဒရူးမက်ကင်းတိုင်ရီ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၃၀**

Amazon MGM ကုမ္ပဏီ၏ Highlander ဇာတ်ကားသစ်တွင် နာမည်ကျော်WWE နပန်းအားကစားသမား ဒရူးမက်ကင်းတိုင်ရီပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Highlander ဇာတ်ကားသစ်တွင် ဒရူးမက်ကင်းတိုင်ရီသည် မင်းသား ဟင်နရီကာဗေး၊ ရပ်ဆဲခရိုး၊ ဒေးဘာတစ္စတာ၊ မင်းသမီး မာရစ်ဆာအဘီလာတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Highlander ဇာတ်ကားတွင် ဒရူးမက်ကင်းတိုင်ရီသည် မင်းသား ဟင်နရီကာဗေး၏ အစ်ကိုဖြစ်သူနေရာတွင် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကမ္ဘာကျော် လျှို့ဝှက်ဆန်းကြယ် အက်ရှင်ဇာတ်ကားဖြစ်သည့် Highlander (1986) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Highlander ဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး Highlander ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၆ ခုနှစ်နှစ်စပိုင်းတွင် စတင်ရန် Amazon MGM ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Plan underway to cultivate more than 9,000 acres of kidney bean in Mawlaik District


A kidney bean plantation in Mawlaik District.

**Mawlaik September 30**

Preparations are being made to grow more than 9,000 acres of kidney bean in Mawlaik District of Sagaing Region in coming cold season this year, according to the district Agriculture Department.

In 2025-26 cold season, local authorities earmarked cultivation of 2,135 acres of kidney bean in Mawlaik Township and 7,036 acres in Phaungpyin Township, totalling, 9,170 acres which will be planted starting from September this year.

During this year's winter crop season, over 9,000 acres of kidney bean are planned for cultivation in Mawlaik District. Efforts will be made to ensure the targeted acreage is achieved. "To ensure good yield and quality, necessary pure and quality seeds, inputs, and post-harvest technologies will be provided in cooperation with farmers," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

The Township Agriculture Departments in Mawlaik District will provide awareness programs for kidney bean farmers to help them expand their cultivated acreage, improve yields, adopt GAP (Good Agricultural Practices) methods, grow quality and pure seeds, and cultivate high-yield varieties.

Crops grown under GAP practices are of better quality than those grown under other methods. They fetch higher prices and, due to their quality, can be marketed not only domestically but also exported to overseas markets. As a result, farmers who adopt GAP cultivation methods are expected to enjoy greater economic benefits.

206

# Taze Township to grow more than 19,000 acres of black gram in coming cold season

**Taze September 30**

According to the township Agriculture Department, local authorities earmarked cultivation of more than 19,000 acres of black gram in Taze Township of Sagaing Region in coming cold season this year.

During the 2025–2026 winter crop season, it is planned to cultivate 19,040 acres of black gram in Taze Township, with planting to take place from October to December this year, according to reports.

"This coming winter crop season, over 19,000 acres of black gram are planned for cultivation in Taze Township. Efforts will be made to ensure the targeted acreage is achieved. During the cultivation period, necessary technologies, quality seeds, and pest and disease control measures will also be provided in the field," said U Zaw Myint Tun, Head of the YeU District Agriculture Department.

The Taze Township Agriculture Department will provide local farmers with guidance on using quality and pure seeds suitable for the region, correct cultivation methods, pest prevention, systematic use of fertilizers, and improved yield.

During this year's monsoon crop season, the respective Township Agriculture Departments have been cooperating with farmers by supplying quality and pure seeds, necessary inputs, and post-harvest technologies to ensure good yield and quality of various pulses.

206

# More than 4,000 acres of rainfed paddy planted in Kyaukmyaung Sub-Township

**Kyaukmyaung September 30**

Statistics of Kyaukmyaung Sub-Township Agriculture Department mentioned that a total of 4,068 acres of rainfed paddy was planted in Kyaukmyaung Sub-Township of Sagaing Region this year.

In the 2025–2026 monsoon crop season, 4,000 acres of rainfed paddy are planned for cultivation in Kyaukmyaung Sub-Township. Planting began in July this year, and as of today, 4,068 acres have already been cultivated exceeding the target cultivation.

"This year, 4,000 acres of rainfed paddy were planned for cultivation in Kyaukmyaung Sub-Township. To date, 4,068 acres have been planted. We are providing farmers with the necessary technologies and seeds, and field visits are being conducted to ensure timely planting," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

It is learned that during this year's monsoon crop season, the township agriculture department and local farmers have been cooperating to ensure systematic cultivation of rainfed paddy without difficulties.

In Kyaukmyaung Sub-Township, paddy farmers are being trained in cultivation techniques, pest prevention, crop loss reduction, and proper post-harvest handling to ensure timely storage under cover.

This year's cultivated rainfed paddy fields in Kyaukmyaung Sub-Township are reported to be thriving. To secure good yields, township agriculture staff are conducting field activities such as promoting the use of quality and pure seeds, preventing pest infestations, weeding, thinning, and applying fertilizers systematically.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tapioca in high demand at domestic market in Kyonpyaw Township

**Kyonpyaw September 30**

Tapioca is in high demand at the domestic market in Kyonpyaw Township of Ayeyawady Region, said Daw Win Win Thu, the owner of agricultural produce trading commodity in Kyonpyaw Township.

In Kyonpyaw Township, strong demand for tapioca (cassava) tubers has been reported since the first week of September, with trading activity continuing to perform well up to the present. It is the harvest season for tapioca tubers in the area, and the current price has reached up to K5,500 per viss.

"Tapioca tubers are selling very well. Since it is harvest season, trade is active, benefiting not only the farmers who grow them but also the farm laborers. This year, the price is good because fewer farmers grew tapioca compared to last year, and demand has increased not only from local markets but also from buyers in Yangon," said Daw Win Win Thu.

Farmers in Kyonpyaw Township are cultivating tapioca tubers and other seasonal crops alongside paddy cultivation. Each farmer grows between one and five acres of tapioca. The current average cultivation cost per acre is around K370,000, and if there are no significant losses, farmers can earn over K900,000 profit per acre.

Kyaw KyawLin


Kyonpyaw Township sees a high demand in tapioca.

# Authorities earmark cultivation of more than 18,000 acres of winter sunflower in Budalin this year


A thriving sunflower plantation in Budalin Township.

**Budalin September 30**

Local authorities of Budalin Township of Sagaing Region set a plan to grow more than 18,000 acres of winter sunflower in the township this year, according to the township Agriculture Department.

During the 2025–2026 winter crop season, 18,120 acres of sunflower are planned for cultivation in Budalin Township, with planting scheduled to take place from October to December this year.

"This coming winter crop season, more than 18,000 acres of sunflower are planned for cultivation in Budalin Township. We will work to fully achieve the target acreage. To reduce imports of palm oil, efforts are being made to expand the cultivation of oil crops such as sunflower. Sunflower produces more oil per acre compared to groundnut and sesame, and it is mainly grown during the winter season," said U Phyo Wai, Head of the Budalin Township Agriculture Department.

To expand sunflower cultivation in Budalin Township, the Agriculture Department is conducting intensive awareness and training programs to enhance the capacity of both staff and sunflower farmers.

This year, sunflower farmers in Budalin Township will be provided with seed support, while Urea and compound fertilizers will be sold at affordable prices. Newly harvested sunflower varieties will also be distributed through farmer-to-farmer seed exchange systems. 206

# Dabayin Township to grow more than 8,000 acres of sweet corns this year

**Dabayin September 30**

Statistics of YeU District Agriculture Department mentioned that local authorities earmarked cultivation of more than 8,000 acres of sweet corns in Dabayin Township of Sagaing Region this year.

During the 2025-2026 winter crop season, a total of 8,404 acres of sweet corn are planned for cultivation in Dabayin Township. Planting will take place from October to December this year.

"This winter crop season, more than 8,000 acres of sweet corn are planned for cultivation in Dabayin Township. We will work to fully achieve the target acreage. To ensure successful cultivation, awareness will be provided, including measures to prevent pest and disease outbreaks. Sweet corn cultivation has been gradually increasing year by year," said U Zaw Myint Htwe, Head of the YeU District Agriculture Department.


A sweet corn plantation.

This year, the Dabayin Township Agriculture Department is supporting farmers by conducting training sessions, holding field demonstrations, raising awareness on preventive measures against armyworm infestation, promoting integrated pest management (IPM) practices, and educating on the use of pesticides for tomato, chili, and other crops.

In Dabayin Township, sweet corn yields average 15,000 ears per acre, with production costs exceeding K500,000 per acre. 206

# Plan underway to place more than 4,000 acres of croplands under onions

**Sagaing September 30**

Arrangements are being made to cultivate more than 4,000 acres of onions as winter crops in Sagaing District of Sagaing Region this year.

In this regard, local farmers will plant 1,802 acres of onion in Sagaing Township, 1,110 acres in Myinmu Township and 1,8543 acres in Myaung Township, totalling 4,765 acres.

During this year's winter crop season in Sagaing District, more than 4,000 acres of onion are planned for cultivation. Efforts will be made to fully meet the target acreage. Onion cultivation will proceed as usual, and arrangements are being made to help ensure good market prices, said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Sagaing District, the respective Township Agriculture Departments are supporting onion farmers by linking them to markets for better prices, providing techniques for longer storage, encouraging cultivation under GAP practices, and promoting improved quality.

It is learned that onion farmers in the district typically invest around K1.8 million per acre, with yields averaging 5,000 viss per acre.

Within Sagaing Region, onions are widely cultivated, with the largest onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu. 206

# UK Chancellor vows to build renewed economy amid growth challenges

**London September 30**

British Chancellor Rachel Reeves has vowed to build a renewed economy, rejecting austerity, supporting public services, boosting investment and decreasing inflation.

When addressing the Labour's annual party conference on Monday, Reeves laid out some specific measures, including funding libraries in primary schools, offering job opportunities to qualified young people who are out of work or education over a certain period of time, tackling the housing crisis, ensuring fiscal stability and improving infrastructure.

The British economy has been faced with multiple challenges in the second half of this year, with the real GDP showing no growth in July, consumer prices rise in August remaining the highest since January 2024.

As Reeves is expected to announce a budget in late November, businesses will welcome the Chancellor's clear intent to tackle the UK's economic challenges head-on, according to Rain Newton-Smith, chief executive of the Confederation of British Industry.

But he cautioned that the real test of success will be how effectively the government uses every policy lever available to cut costs and complexity for business and unlock the investment urgently needed.

With just weeks to go until her budget, the Chancellor was always unlikely to give much away today and ter speech was largely about setting the tone for this Autumn's challenging fiscal statement, said Shevaun Haviland, director general of the British Chambers of Commerce. Xinhua

# Trump says Israel agrees to White House Gaza ceasefire plan

**Washington September 30**

U.S. President Donald Trump said on Monday that Israeli Prime Minister Benjamin Netanyahu has agreed to a 20-point plan proposed by the Trump administration aimed at ending the conflict in Gaza, following their talks at the White House.

"I also want to thank Prime Minister Netanyahu for agreeing to the plan and for trusting that if we work together, we can bring an end to the death and destruction that we've seen for so many years, decades, even centuries, and begin a new chapter of security, peace and prosperity for the entire region," Trump told a joint press conference at the White House.

Trump also called on Hamas to accept the terms of the peace proposal.

Xinhua


U.S. President Donald Trump (L) welcomes Israeli Prime Minister Benjamin Netanyahu at the White House in Washington, D.C., the United States, on Sept. 29, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပဲ့ထိန်းဒုံးကျည်များတွင် GPS အနှောင့်အယှက်ခံနိုင်သည့်နည်းပညာထည့်သွင်းရန် ကုမ္ပဏီနှစ်ခုပူးပေါင်းဆောင်ရွက်




အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ လေကြောင်းနှင့် ကာကွယ်ရေးနည်းပညာကုမ္ပဏီနှစ်ခုသည် မျိုးဆက်သစ် GPS အနှောင့်အယှက်ခံနိုင်ရည်ရှိသည့် နည်းပညာကို တိကျစွာပဲ့ထိန်းနိုင်သော လက်နက်များတွင် ပေါင်းစပ်ထည့်သွင်းရန် ပူးပေါင်းဆောင်ရွက်လိုက်ပြီဖြစ်သည်ဟု Interesting Engineering သတင်းဌာနက စက်တင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအခြေစိုက် BAE Systems ကုမ္ပဏီ၏ GPS အနှောင့်အယှက်ခံနိုင်ရည်ရှိသည့်နည်းပညာကို Hanwha Aerospace ကုမ္ပဏီ၏ Deep Strike Ca-pability စနစ်များတွင် ထည့်သွင်းသွားမည်ဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် တိုးတက်လာသော electronic warfare ခြိမ်းခြောက်မှုများကို တန်ပြန်ရန်ရည်ရွယ်ပြီး ဥရောပနှင့် အခြားမဟာမိတ်နိုင်ငံများ၏ စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန် မျှော်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံ Hanwha ကုမ္ပဏီက ထုတ်လုပ်သော Deep Strike Capability စနစ်သည် ပြောင်းလွယ်ပြင်လွယ်ရှိပြီး အရွယ်အစားမျိုးစုံပစ်ခတ်နိုင်သည့်၊ အကွာအဝေးမျိုးစုံရှိသောဒုံးကျည်များပစ်လွှတ်နိုင်သည့်စွမ်းရည်ကို ပေးစွမ်းနိုင်သည်။ ထို့ကြောင့် ရန်သူ၏ပစ်ကူများကို ချေမှုန်းခြင်းမှသည် ရှုပ်ထွေးသောပတ်ဝန်းကျင်ရှိပစ်မှတ်များကိုချေမှုန်းခြင်းထိ မစ်ရှင်အမျိုးမျိုးနှင့် လိုက်လျောညီထွေရှိစွာ အသုံးပြုနိုင်သည်။ ထိုသို့ပြုလုပ်နိုင်ခြင်းဖြင့် ထူးခြားသောပစ်အားနှင့် စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပေးစွမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Hanwha က ထုတ်လုပ်သော Deep Strike လက်နက်စနစ်သည် ခေတ်သစ်စစ်ပွဲများအတွက် တိကျသည့်တိုက်ခိုက်မှုစွမ်းရည်များကို ပေးစွမ်းနိုင်သည်။ အဆိုပါစနစ်သည် ဒုံးပစ်လွှတ်စင်နှစ်ခုတွဲပုံစံကို အသုံးပြုထားရာ ပလက်ဖောင်းတစ်ခုတည်းမှ မတူညီသောပဲ့ထိန်းဒုံးကျည်အမျိုးအစားများစွာကို ပစ်ခတ်နိုင်ခြင်းဖြင့် စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို မြှင့်တင်ပေးနိုင်ကြောင်း သတင်းများက ဖော်ပြသည်။ မကြာသေးမီက တိုးတက်မှုများအနေဖြင့် NATO အဖွဲ့ဝင်နိုင်ငံများ၏ အပြန်အလှန်အသုံးပြုနိုင်စွမ်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် BAE Systems နှင့် ပူးပေါင်းကာ GPS အနှောင့်အယှက်ခံနိုင်ရည်ရှိသည့် နည်းပညာကို ပေါင်းစပ်ထည့်သွင်းခဲ့သည်။ ဤနည်းပညာသည် စနစ်၏စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးသည်။

BAE Systems ကုမ္ပဏီက IGAS နည်းပညာကိုအသုံးပြုထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဤနည်းပညာသည် GPS/INS ပေါင်းစပ်စနစ်များအတွက် စွမ်းဆောင်ရည်မြင့်မားသည့် GPS ကို အသုံးပြုနိုင်စေသည်။ ၎င်းသည် စစ်မြေပြင်တွင် လက်တွေ့စွမ်းရည်ပြသပြီးသားဖြစ်သည့် 12-channel NavStrike နှင့် Joint Direct Attack Munitions(JDAM) receiver စနစ်များမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကုမ္ပဏီ၏အဆိုအရ IGAS သည် သေးငယ်သောအရွယ်အစားရှိပြီး ကုန်ကျစရိတ် သက်သာသည့်အပြင် အလွန်စိတ်ချရသော စနစ်တစ်ခုဖြစ်ကာ ဒုံးကျည်နှင့် ခဲယမ်းဆိုင်ရာမစ်ရှင်များ၏ လိုအပ်ချက်များကို အထူးရည်ရွယ်၍ ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Hanwha ကုမ္ပဏီ၏ Deep Strike စနစ်သည် ပစ်ခတ်မှုစွမ်းရည်မျိုးစုံနှင့် ပြောင်းလွယ်ပြင်လွယ်ရှိသော ပလက်ဖောင်းတစ်ခုအဖြစ် ဒီဇိုင်းထုတ်ထားပြီး ယခုအခါ BAE Systems ၏ IGAS နည်းပညာဖြင့် ပေါင်းစပ်လိုက်ခြင်းသည် ၎င်းကို ပိုမိုပြည့်စုံသောစနစ်ဖြစ်စေသည်။ ဤသည်မှာ တောင်ကိုရီးယားကုမ္ပဏီတစ်ခုအနေဖြင့် NATO ၏ စစ်ရေးစံနှုန်းများနှင့် ကိုက်ညီရန်ကြိုးပမ်းလာခြင်းသည် မဟာမိတ်ကာကွယ်ရေးဈေးကွက်တွင် နေရာယူလိုသည့် မဟာဗျူဟာကျသော ရည်ရွယ်ချက်ရှိသည်ဟု ကောက်ချက်ချနိုင်သည်။ အချုပ်အားဖြင့်ဆိုရသော် ခေတ်သစ်စစ်ပွဲများသည် နည်းပညာကို အားပြုလာသည်နှင့်အမျှ EW ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ခြင်းသည် ပဲ့ထိန်းလက်နက်များ၏ထိရောက်မှုကို ဆုံးဖြတ်ပေးမည့် အဓိကအချက်ဖြစ်လာပြီဖြစ်ကြောင်း သုံးသပ်နိုင်သည်။

**Anti-jamming GPS to be inte-grated into precision-guided missiles to meet NATO needs ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယက မျိုးဆက်သစ်နျူကလီးယားရေငုပ်သင်္ဘောများကို မီဂါဝပ် ၂၀၀ ဓာတ်ပေါင်းဖိုများဖြင့် စွမ်းအင်ပေးမည်



အိန္ဒိယနိုင်ငံ၏ ဘာဘာအဏုမြူသုတေသနဌာန(BARC)သည် မီဂါဝပ် ၂၀၀ လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်သော နျူကလီးယား ဓာတ်ပေါင်းဖိုများကို တီထွင်လျက်ရှိရာ ၎င်းဓာတ်ပေါင်းဖိုများသည် မျိုးဆက်သစ်နျူကလီးယားရေငုပ်သင်္ဘောများကို စွမ်းအားပေးမည်ဖြစ်ကြောင်း Next Gen Defense သတင်းဌာနက စက်တင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဖိအားမြင့်ရိုးရိုးရေသုံးဓာတ်ပေါင်းဖိုများသည် ကြွယ်ဝသောယူရေနီယမ်ကို လောင်စာအဖြစ် အသုံးပြုမည်ဖြစ်ပြီး သတင်းများအရ ဆယ်စုနှစ်တစ်ခုကြာ လောင်စာပြန်မဖြည့်ဘဲ ရေငုပ်သင်္ဘောများကို ဆက်လက်လည်ပတ်နိုင်စေမည်ဖြစ်သည်။

ပဲ့ထိန်းဒုံးကျည် ၁၆ စင်းထိ သယ်ဆောင်နိုင်သော S5 အမျိုးအစား ရေငုပ်သင်္ဘောများအတွက် တည်ဆောက်ထားသည့် မီဂါဝပ် ၂၀၀ ဓာတ်ပေါင်းဖိုများသည် လျှို့ဝှက်စစ်ဆင်ရေးများ ပြုလုပ်နေစဉ်အတွင်း စဉ်ဆက်မပြတ်စွမ်းအင်ထောက်ပံ့မှုပေးနိုင်ရန် ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်သည့်စွမ်းရည်လည်းရှိသည်။ ဤဓာတ်ပေါင်းဖိုအသစ်များသည် အိန္ဒိယ၏ လက်ရှိ အာရီဟန့်နှင့် အာရီဂါတ်ရေငုပ်သင်္ဘောများတွင် အသုံးပြုနေသော ၈၃ မီဂါဝပ် လျှပ်စစ်ထုတ်အင်ဂျင်များထက် အဓိက အဆင့်မြှင့်တင်မှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အဏုမြူသုံးသုံးပွင့်ဆိုင်လက်နက်စနစ် (ကြည်း၊ ရေ၊ လေတို့မှ နျူကလီးယားလက်နက် ပစ်လွှတ်နိုင်သည့်စွမ်းရည်)ကို ဖြည့်ဆည်းရန်အတွက် ၎င်း၏ နျူကလီးယားရေငုပ်သင်္ဘောအစီအစဉ်ကို တိုးချဲ့လျက်ရှိသည်။

စီမံကိန်း ၇၇ ခုအောက်တွင် အစိုးရသည် မူလအစီအစဉ် (နှစ်စီး)မှနေ၍ လာမည့်ဆယ်စုနှစ်အတွင်း နျူကလီးယားစွမ်းအင်သုံးတိုက်ခိုက်ရေးရေငုပ်သင်္ဘော (SSNs) ခြောက်စီးထိ တည်ဆောက်ရန် စီစဉ်ထားသည်။

ဤနျူကလီးယားရေငုပ်သင်္ဘောများသည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ ရေပေါ်ယာဉ်တိုက်ဖျက်ရေးစစ်ဆင်ရေးများ၊ ထောက်လှမ်းရေးနှင့်တိုက်ခိုက်ရေး တာဝန်များကို ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မျိုးဆက်သစ်နျူကလီးယားရေငုပ်သင်္ဘောများကို မီဂါဝပ် ၂၀၀ ဓာတ်ပေါင်းဖိုများဖြင့်စွမ်းအင်ပေးခြင်းဖြင့် ကင်းလှည့်ကာလများကို ပိုမိုတိုးမြှင့်နိုင်ခြင်း၊ စစ်ဆင်ရေးတွင် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို မြှင့်တင်နိုင်ခြင်းနှင့် အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်၏ရေတပ်အင်အားတည်ရှိမှုအပေါ် မဟာဗျူဟာမြောက် ရပ်တည်ချက်ကို ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ မျိုးဆက်သစ်နျူကလီးယားရေငုပ်သင်္ဘောများအတွက် မီဂါဝပ် ၂၀၀ ဓာတ်ပေါင်းဖိုကို တီထွင်ထုတ်လုပ်ခြင်းသည် ဒေသတွင်းအင်အားချိန်ခွင်လျှာကို ပြောင်းလဲစေနိုင်သည့် မဟာဗျူဟာမြောက်ခြေလှမ်းတစ်ခုဖြစ်သည်။ လက်ရှိ ၈၃ မီဂါဝပ်ဓာတ်ပေါင်းဖိုများထက် စွမ်းအား နှစ်ဆကျော်မြှင့်တင်ခြင်းဖြင့် ရေငုပ်သင်္ဘောများသည် ရေအောက်တွင် ဆယ်စုနှစ်တစ်ခုကြာ လောင်စာပြန်မဖြည့်ဘဲ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ၎င်းသည် လျှို့ဝှက်စွမ်းရည်နှင့် ကင်းလှည့်နိုင်သောကာလကို များစွာတိုးမြှင့်ပေးနိုင်ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် ဤနည်းပညာအဆင့်မြှင့်တင်မှုသည် အင်ဒို-ပစိဖိတ်ဒေသအတွင်း တရုတ်၏ ရေတပ်အင်အားကြီးထွားလာမှုကို တန်ပြန်ရန်နှင့် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်တည်ချက်ကို ပိုမိုခိုင်မာစေရန်အတွက် အားကောင်းသော ပြည်တွင်းနည်းပညာ အားထုတ်မှုတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ရသည်။

**India Powers Next-Gen Nuclear Submarines With 200-MWe Reactors ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၈၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၈၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့နယ်တွင် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၄၈၄၈၂ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။နေကြာကို ဆောင်းမှာဘဲ စိုက်ကြတာပါ"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေး အတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးကပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဝါးခယ်မ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ပခန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကိုတင်ပို့တဲ့ ပခန်းဆန်တွေက အရည်အသွေးတော်တော်လေးကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းဆန်အမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့အမျိုးအစားဖြစ်ပါတယ်။အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ပြည်တွင်း ဆန်၊ စပါး ဈေးကွက်မှာကို ပခန်းဆန်က အဝယ်လိုက်နေပါတယ် " ဟု ဝါးခယ်မမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့်ပခန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# စေတုတ္တရာမြို့နယ် ရေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကရေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ရေသောင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားများ၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၈ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေသောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး




# တောင်ငူမြို့နယ် ကျေးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**တောင်ငူ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငါးဖယ်အင်းကျေးရွာအုပ်စု ကျေးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းအား အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျေးတောကျေးရွာ၌ အရှည် ပေ ၁၂၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၅ သန်း၊ စုစုပေါင်း ငွေကျပ် သန်း ၅၀ ဖြင့် တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် ဇူလိုင် ၁၆ ရက်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့်ကျေးတောကျေးရွာရှိ ကျေးရွာသူကျေးရွာသားများ၏ သွားလာရေးလွယ်ကူနေပြီဖြစ်ပြီး၊ ယခင်ကထက် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးထံမှ သိရသည်။

ကိုညို



# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၃၀**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်၌ကျင်းပသည့် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးအကောင်ရေ ၂၅၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့အတူ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ"ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် ဘိုးဘွားရိပ်သာမှ အဘိုး၊အဘွား ၁၉၁ ဦးတို့ကို တစ်နေ့တာ အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုနှစ် စက်တင်ဘာ ၃ ရက်မှ ၄ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မြန်မာနိုင်ငံ၏ ၁၅ ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ဆွေးနွေးသည့် APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံ (Action Plan)ပါ အချက်များအနက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း၊ ရလဒ်ကောင်းအနေဖြင့် လက်ငင်းရလဒ် ၈ ဒသမ ၂ ကို ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်း (Largely Address)အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ၁၆ ကြိမ်မြောက် တိုးတက်မှု အစီရင်ခံစာရေးသားရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့် အစီအမံ (Action Plan) ငါးခုကို အဆင့်တိုးမြှင့်ရရှိရေးအတွက် အဓိကအလေးထားဆောင်ရွက်မည့် နယ်ပယ်များ သတ်မှတ်ရန်နှင့် မေးခွန်းတစ်ခုချင်းအလိုက် တိကျသည့်ဖြေကြားချက်များ ပြန်လည်ဖြေကြားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများသည်လည်း ရလဒ်ကောင်းများရရှိရေးအတွက် အထောက်အကူများစွာဖြစ်စေနိုင်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြင်ဆင်ရေးဆွဲနေမှု၊ တိုးတက်မှုအစီရင်ခံစာများရေးသားရာတွင် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အကဲဖြတ်သူများကထောက်ပြထားသည့် ဆက်လက်ရေးဆွဲရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးနှင့် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အစီရင်ခံစာတွင် ထည့်သွင်းဖြေကြားမည့်အကြောင်းအရာများ၊ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(Asia-Pacific Group on Money Laundering-APG) နှစ်ပတ်လည်အစည်းအဝေးနှင့် နည်းပညာနှင့်သင်တန်းပေးရေးဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့မှု၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာနယ်ပယ်အလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်Rev Shi Changzang အမှူးပြုသော ဘုန်းတော်ကြီးများက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဆံတော်တိုက်အဝင်၊အထွက် လုံခြုံရေးမှန်ကာရံ၍ ဆံတော်တိုက်ပတ်လည်ရွှေချထားသည့် နံရံများကို Polycarbonate မှန်တပ်ဆင်လှူဒါန်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်Rev Shi Changzang က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်တိုက် အသစ်တည်ဆောက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်Rev Shi Changzang လုံခြုံရေးမှန်တံခါးအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အပါအဝင် ဘုန်းတော်ကြီးငါးပါးတို့က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ ဆံတော်တိုက် အဝင်၊ အထွက် လုံခြုံရေးမှန်တပ်ဆင်ခြင်းနှင့် ဆံတော်တိုက်ပတ်လည် ရွှေပိန်းချနံရံများအား Polycarbonate မှန်တပ်ဆင်လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော သံဃာတော်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိလင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အပါအဝင် ဘုန်းတော်ကြီး ငါးပါး အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လင်ကွမ်းစီကျောင်းတိုက် (ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်နှင့် တာဝန်ရှိသူများက ဆံတော်တိုက် အဝင်၊ အထွက် လုံခြုံရေးမှန်တပ်ဆင်ခြင်းနှင့် ဆံတော်တိုက်ပတ်လည် ရွှေပိန်းချနံရံများကို Polycarbonate မှန်တပ်ဆင်လှူဒါန်းခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။ ယင်းနောက် လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော်က ဝမ်းသာပီတိစကားမိန့်ကြားပြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်တိုက်အသစ်တည်ဆောက်ရန်အတွက် အလှူငွေယွမ် ၁၀၀၀၀ အား လှူဒါန်းရာ ဒုတိယဝန်ကြီးကလက်ခံရယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ကျောင်းထိုင်ဆရာတော် Rev Shi Changzang အပါအဝင် ဘုန်းတော်ကြီး ငါးပါးတို့သည် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယမင်္ဂလာဓမ္မသဘင်သို့ ကြွရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား တွေ့ဆုံဖူးမြော်ကြည်ညိုကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင် အပူဇော်ခံခဲ့မှုအခြေအနေများနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်လျှောက်ထားဆွေးနွေးခဲ့ကြကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ လင်ကွမ်းစီကျောင်းတိုက်(ဗုဒ္ဓမြတ်စွယ်တော်ကျောင်း)မှ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ် မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# မန္တလေးတက္ကသိုလ် ရာပြည့်ပွဲတော်ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး




**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက မဟာအောင်မြေ မြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ ရောက်ရှိပြီး အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်နေမှု များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သည့် ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများပြီးစီးမှု၊ မြေယာရှုခင်းဆောင်ရွက်နေမှုများအခြေအနေများ၊ ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ် ၂၅ ချက်အပေါ် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးရေး၊ အခမ်းအနားမစတင်မီအချိန်ကာလမှစ၍ ပြီးဆုံးသည်အထိ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ကဏ္ဍများအလိုက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်းဖြင့်ပြောကြားကာ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်း မြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

### ❑ အမျိုးသမီးလိဂ်ပြိုင်ပွဲမှ

ဆက်လက်ပြီး ညနေ ၃နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် ဂျူလိုင်ကျော်၊ ၂၉ မိနစ်တွင် နန့်သဇင်မေ၊ ၄၅ မိနစ်နှင့် ၆၅ မိနစ်တို့တွင် စန္ဒာအောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရန်ကုန်စီးတီးအသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် အင်ကြင်းခိုင်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉)အပြီးတွင် ISPE အသင်းက ရမှတ် ၁၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

STA

### ❍ ပြည်တွင်းထုတ်ဓာတ်ဆီမှ

စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄)တွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ အများပြည်သူသို့ လွတ်လပ်စွာ ထပ်မံဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄)တွင် ပြည်တွင်းထုတ်ဓာတ်ဆီများဖြစ်သည့် (RON 68)နှင့် (RON 77)တို့ကို ဈေးနှုန်းသက်သာစွာဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့စွမ်းအင်ဖူလုံရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားစွမ်းအင်၊ နျူကလီးယားနည်းပညာ၏ အကျိုးသက်ရောက်မှုများနှင့် အခွင့်အလမ်းများ

ခေတ်လူငယ်




ယနေ့ မျက်မှောက်ခေတ်ကာလမှာ အဏုမြူစွမ်းအင်ဟာ စွမ်းအင်ထုတ်လုပ်ရေးနဲ့ လျှပ်စစ်ဓာတ်အားဖူလုံရေးတို့အပြင် စိုက်ပျိုးရေး၊ ဆေးဝါးနဲ့ စက်မှုကဏ္ဍတွေအတွက်လွန်စွာအရေးပါလှတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လာခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်မှာလည်း နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ(IEA)ရဲ့ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာတာကို တွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာတော့ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ရဲ့ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရယူလျက်ရှိပြီး World Net-Zero Carbon Emissions အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်**

**(World Atomic Week Forum)**

ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် (World Atomic Week Forum – WAW) ဟာ နျူကလီးယားနည်းပညာရဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အသုံးချမှုတွေကို ကမ္ဘာ့အဆင့် ဆွေးနွေးညှိနှိုင်းဖို့အတွက် ဖွဲ့စည်းထားတဲ့ ပလက်ဖောင်းတစ်ခုဖြစ်ပါတယ်၊ ၂၀၁၀ ပြည့်လွန်နှစ်အစောပိုင်းတွေမှာ ကမ္ဘာကြီးဟာ ရာသီဥတုပြောင်းလဲမှုရဲ့ ပြင်းထန်တဲ့ သက်ရောက်မှုတွေကို ကြုံတွေ့ခဲ့ရပြီး စွမ်းအင်လုံခြုံရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိုးရိမ်မှုတွေမြင့်တက်လာခဲ့ပါတယ်။ ဒါ့ကြောင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)ရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံတကာနျူကလီးယားအဖွဲ့အစည်းတွေ၊ နျူကလီးယားစွမ်းအင်သုံးနိုင်ငံတွေက ၂၁ ရာစုရဲ့ စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းအဖြေရှာဖို့ နျူကလီးယားနည်းပညာနဲ့ စွမ်းအင်ဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲကြီးတစ်ခုအဖြစ် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်ကို ၂၀၁၅ ခုနှစ်မှာ ဂျပန်နိုင်ငံ တိုကျိုမြို့၌ စတင်ကျင်းပခဲ့ပါတယ်။

ယခု ၂၀၂၅ ခုနှစ်တွင်လည်း World Atomic Week Forum – 2025 ကို ရုရှားနျူကလီးယားလုပ်ငန်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပခဲ့ပြီး နျူကလီးယားနည်းပညာရဲ့ ငြိမ်းချမ်းရေးဆိုင်ရာအသုံးချမှုတွေဖြစ်တဲ့ (စွမ်းအင်ထုတ်လုပ်ခြင်း၊ ဆေးဘက်ဆိုင်ရာနဲ့ စိုက်ပျိုးရေး) စတာတွေမှာ မြှင့်တင်ခြင်းနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေကို အားကောင်းစေရန်အတွက် ရည်ရွယ်ပြုလုပ်ခဲ့ပါတယ်။

**ရုရှားနိုင်ငံပိုင် နျူကလီးယားအေဂျင်စီ (Rosatom) နှင့် မြန်မာနိုင်ငံတို့၏ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေးခရီးလမ်း**

ရုရှားနိုင်ငံဟာ ဓာတ်ပေါင်းဖိုနည်းပညာသစ်ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် နျူကလီးယားစွမ်းအင်အခန်းကဏ္ဍကျယ်ပြန့်အောင် တိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်၊ နျူကလီးယား အေဂျင်စီ Rosatom ဟာ ရုရှားနိုင်ငံပိုင် ကော်ပိုရေးရှင်းကြီးတစ်ခုဖြစ်ပြီး နျူကလီးယားစွမ်းအင်လုပ်ငန်းကို အဓိကထား လုပ်ဆောင်လျက်ရှိပါတယ်။ ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကုမ္ပဏီပေါင်း ၃၆၀ ကျော်ရှိကာ ရုရှားနိုင်ငံတွင် အကြီးဆုံး လျှပ်စစ်စွမ်းအင်ထုတ် ကုမ္ပဏီကြီးဖြစ်ပါတယ်။ ဒီကော်ပိုရေးရှင်းဟာ နိုင်ငံပေါင်း ၁၂ နိုင်ငံရဲ့ နျူကလီးယားစွမ်းအင်စက်ရုံ စီမံကိန်း ၃၆ ခုမှာ ပါဝင်လျက်ရှိပြီး ကမ္ဘာ့နျူကလီးယားလောင်စာဈေးကွက်ရဲ့ ၁၇ ဒသမ ၇ ရာခိုင်နှုန်းကိုလည်း ရယူပိုင်ဆိုင်ထားပါတယ်။

ရုရှားနိုင်ငံပိုင် Rosatom ကော်ပိုရေးရှင်းအနေနဲ့ အရှေ့တောင်အာရှဒေသမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ရှာဖွေလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်ကစတင်ကာ စင်ကာပူနိုင်ငံမှာ ရုံးချုပ်ဖွင့်လှစ်ပြီး ဒေသတွင်း နျူကလီးယားစွမ်းအင်စက်ရုံတွေ တည်ဆောက်ဖို့ ဈေးကွက်ရှာဖွေခဲ့ကြပါတယ်။ ဗီယက်နမ်နိုင်ငံမှာ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ မဂ္ဂါဝပ်ဓာတ်ပေါင်းဖို စီမံကိန်းတစ်ခု တည်ဆောက်ပေးခဲ့တဲ့အပြင် ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှာ နျူကလီးယားနည်းပညာနဲ့ ပတ်သက်တဲ့ သဘောတူစာချုပ်တွေ ချုပ်ဆိုထားပါတယ်၊

ရုရှားနဲ့ မြန်မာနိုင်ငံတို့ ပထမဆုံး နျူကလီးယားဆိုင်ရာ သဘောတူစာချုပ်တစ်ခုကို ၂၀၀၇ ခုနှစ်က စတင်လက်မှတ်ထိုးခဲ့ပါတယ်။ ဒီစီမံကိန်းမှ အငယ်စားအဏုမြူဓာတ်ပေါင်းဖိုတစ်ခု၊ Activation Analysis ဓာတ်ခွဲခန်းတစ်ခု၊ ဆေးဘက်ဆိုင်ရာ အိုင်ဆိုတုပ်ထုတ်လုပ်ရေးဓာတ်ခွဲခန်းတစ်ခု၊ ဆီလီကွန်ပေးသွင်းသော စနစ်တစ်ခု၊ နျူကလီးယားစွန့်ပစ်ပစ္စည်းများသန့်စင်ရေးနဲ့ မြှုပ်နှံရေးစက်ရုံတစ်ခုတို့ပါဝင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများနဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ယာယီရပ်ဆိုင်းခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတုန်းက ရန်ကုန်မြို့မှာ ရုရှားနိုင်ငံပိုင် Rosatom ကော်ပိုရေးရှင်းနဲ့ မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(MOST)တို့ဟာ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ(Nuclear Technology Information Center – NTIC) တည်ထောင်ဖို့ သဘောတူညီချက်စာချုပ် (Memorandum of Agree-ment – MoA) ကို ချုပ်ဆိုအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှာတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် Rosatom တို့ ဟာ နျူကလီးယားအခြေခံအဆောက်အအုံဆိုင်ရာ စိစစ်အကဲဖြတ်ခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေအတွက် နားလည်မှုစာချုပ် (Memorandum of Understanding – MoU) ချုပ်ဆိုနိုင်ခဲ့ပါတယ်၊ မြန်မာနိုင်ငံရဲ့ နျူကလီးယားအခြေခံအဆောက်အအုံလိုအပ်ချက်တွေ စာရင်းပြုစုခြင်း၊ ဦးစားပေးလုပ်ငန်းအစီအစဉ်သတ်မှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင်အေဂျင်စီ (IAEA)ရဲ့ ချဉ်းကပ်နည်းများနဲ့ Rosatomရဲ့ အကောင်းဆုံး ကျင့်သုံးမှုတွေကိုအခြေခံပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါတယ်။

မကြာသေးမီကာလဖြစ်တဲ့ ၂၀၂၅ ခုနှစ် မတ်လ ၄ ရက်မှာ မြန်မာ-ရုရှားအစိုးရချင်း သဘောတူညီချက် (Intergovernmental Agreement) ချုပ်ဆိုနိုင်ခဲ့ပြီး အငယ်စားအဏုမြူဓာတ်ပေါင်းဖို(Small Modular Reactor-SMR) စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီစာချုပ်မှာ ၁၁၀ မဂ္ဂါဝပ်စွမ်းရည်ရှိတဲ့ SMR တစ်ခုတည်ဆောက်ခြင်းတို့ပါဝင်ပြီး အနာဂတ်မှာ ၃၃၀ မဂ္ဂါဝပ်ထိ တိုးချဲ့နိုင်ဖို့ သဘောတူညီခဲ့ပါတယ်။

လက်ရှိကျင်းပပြုလုပ်ခဲ့တဲ့ ကမ္ဘာ့နျူကလီးယားစွမ်းအင်ညီလာခံ WAW-2025 မှာ Rosatom နည်းပညာအကယ်ဒမီနဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)တို့ဟာ ပညာရေး၊ သုတေသန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နားလည်မှုစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ၂၀၂၅-၂၀၂၆ ငြိမ်းချမ်းရေးဆိုင်ရာ နျူကလီးယားပူးပေါင်းဆောင်ရွက်မှု လမ်းညွှန်မြေပုံ (Roadmap) စာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့ပါတယ်။

အဆိုပါဖိုရမ်ကို ရုရှားသမ္မတနဲ့ IAEA ဥက္ကဋ္ဌတို့လိုမျိုး ကမ္ဘာ့အထင်ကရခေါင်းဆောင်တွေတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှာတည်ဆောက်မယ့် SMR နဲ့ပတ်သက်တဲ့ အပြုသဘောဆောင်တဲ့မှတ်ချက်တွေ ဆွေးနွေးခဲ့ကြပါတယ်။ ရုရှားသမ္မတနဲ့ IAEA ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြတဲ့ WAW-2025 ညီလာခံမှာ SMR တည်ဆောက်မယ့် အစီအစဉ်ကို တင်ပြနိုင်ခဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ နျူကလီးယားစွမ်းအားကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာရဲ့ အဟန့်အတားတွေမရှိတော့သလောက် နည်းပါးသွားပြီလို့ မှတ်ယူနိုင်ပါတယ်။

**မြန်မာနိုင်ငံတွင် တည်ဆောက်မည့် အငယ်စားအဏုမြူဓာတ်ပေါင်းဖို (Small Modular Reactor-SMR)**


အငယ်စားအဏုမြူဓာတ်ပေါင်းဖို(SMR) တစ်ခုတည်ဆောက်ဖို့ဆိုတာက အနည်းဆုံး ၃ နှစ်မှ ၅ နှစ်အထိ အချိန်ယူရပါတယ်။ ဒီလိုအချိန်ယူဆောက်လုပ်ထားတဲ့ SMR တစ်ခုဟာ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်အထိ ထုတ်ပေးနိုင်ပါတယ်။ ထို့ပြင် အခြားဓာတ်အားပေးလုပ်ငန်း (ရေအား၊ လေအား)တို့ထက် ကန့်သတ်ချက်နှင့် အန္တရာယ်နည်းပါးကြောင်း တွေ့ရှိရပါတယ်၊ လက်ရှိအချိန်မှာ လုပ်ငန်းလည်ပတ်နေတဲ့ အသေးစားအဏုမြူဓာတ်ပေါင်းဖို(SMR) ၃ ခုရှိပြီး

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

အဲဒီနိုင်ငံတွေကတော့ ၂၀၂၀ ပြည့်နှစ်မှာ စတင်လည်ပတ်နေတဲ့ ရုရှားနိုင်ငံ၊ ၂၀၂၂ ခုနှစ်မှာ စတင်လည်ပတ်နေတဲ့ တရုတ်နိုင်ငံ၊ ၂၀၂၄ ခုနှစ်မှာစတင်လည်ပတ်နေတဲ့ ဂျပန်နိုင်ငံတို့ဖြစ်ပါတယ်။ အခြားဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ လုပ်ငန်းလည်ပတ်နေတဲ့ SMR တွေ မရှိသေးပေမယ့် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုတည်ဆောက်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။

အငယ်စားအဏုမြူခေတ်ပေါင်းဖို(SMR)ရဲ့ အားသာချက်တွေကတော့ သမားရိုးကျနျူကလီးယားခေတ်ပေါင်းဖိုတွေမှာလို အအေးခံဖို့ ရေများများစားစားမလိုတဲ့အတွက် မြစ်တွေရဲ့အနီးမှာတည်ဆောက်ဖို့ မလိုပါဘူး။ ဒါကြောင့် မြစ်ရေညစ်ညမ်းမှုကိုလည်း အထိုက်အလျောက်ကာကွယ်ပေးနိုင်ပါတယ်၊ တည်ဆောက်မှုကာလတိုတောင်းခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ မြေနေရာလိုအပ်ချက်နည်းပါးခြင်း စတဲ့အားသာချက်တွေ တွေ့ရှိရပါတယ်။ အငယ်စားအဏုမြူခေတ်ပေါင်းဖို (SMR) တွေကတစ်ဆင့်လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးနိုင်တဲ့အတွက်လျှပ်စစ်ဓာတ်အားရရှိရန်လေအား၊ ရေအားနဲ့ နေရောင်ခြည်စွမ်းအင်တို့လိုအပ်မည်မဟုတ်ပေ။ သို့သော်လည်း အရွယ်အစားသေးငယ်တာကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အကန့်အသတ်ရှိနိုင်ပါတယ်။




ပုံ(၁) – အဏုမြူခေတ်ပေါင်းဖိုအမျိုးအစားများနှင့်လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်မှု

**မြန်မာနိုင်ငံရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများ**

ယနေ့ကမ္ဘာ့နိုင်ငံတွေမှာ တိုးတက်လာတဲ့ နျူကလီးယားနည်းပညာကိုအသုံးပြုပြီး အရပ်ဘက်ဆိုင်ရာလုပ်ငန်းများ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ စိုက်ပျိုးရေးနှင့် ဆေးဘက်ဆိုင်ရာနည်းပညာ စသည့် သိပ္ပံသုတေသနလုပ်ငန်းများကို အထောက်အပံ့ပြုနိုင်ခြင်း၊ လေယာဉ်တင်သင်္ဘောများ၊ ရေငုပ်သင်္ဘောများနှင့် ရေခဲခွဲသင်္ဘောတို့မှာ စွမ်းအားမြင့်အင်ဂျင်တွေအဖြစ် အသုံးပြုနိုင်ခြင်းတို့အပြင် စစ်ဘက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များ၊ လူသားအကျိုးပြုသောနယ်ပယ်များစွာမှာပါ အသုံးပြုလျက်ရှိပါတယ်။ ဒါ့အပြင် တိုးတက်လာတဲ့ နျူကလီးယားနည်းပညာထဲက တစ်ခုဖြစ်တဲ့ နျူကလီးယားစွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဟာ ကနဦးကုန်ကျစရိတ်ကြီးမားသော်လည်း နည်းပညာလွန်စွာမြင့်မားပြီး အခြားအားသာချက် အများအပြားရှိတာကြောင့် မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံအချို့၊ ဒေသတွင်းနိုင်ငံအချို့တို့မှာ နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်လည်ပတ်နေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆနေခြင်းဖြစ်ပါတယ်။ နျူကလီးယားစွမ်းအင်ဟာ ကမ္ဘာက ငြိမ်းချမ်းစွာအသုံးပြုခွင့်ပြုထားတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု နည်းပါးတဲ့ စိမ်းလန်းစွမ်းအင် (Green Energy) တစ်ခုအဖြစ် သတ်မှတ်ခံရတဲ့အပြင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိတဲ့ အရင်းအမြစ်တစ်ခုအဖြစ် မှတ်ယူကြပါတယ်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးတည်ငြိမ်မှုများစတင်ပြီး လက်ရှိစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံနဲ့ အခုလို ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ လက်ရှိသဘောတူညီချက်တွေဟာ နိုင်ငံအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့်အပြင် နောင်လာမယ့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကောင်းမွန်သော အခွင့်အလမ်းများရရှိလာစေမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

# မြစ်ကြီးနားမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**




နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မြစ်ကြီးနားမြို့ ပြည်နယ်ခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ခရိုင်၊ မြို့နယ်အဆင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များကို ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ဒေသခံများပါဝင်ပြီး လက်ရှိ အခြေအနေနှင့်ကိုက်ညီအောင် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည် သဘာဝအလှအပများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝပြီး ခရီးသွားဆွဲဆောင်ရာ နေရာများစွာ ပိုင်ဆိုင်ထားရှိသဖြင့် အဆိုပါအရင်းအမြစ်များကို အသုံးချကာ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွင်း အားကစားနည်းမျိုးစုံ ဖွံ့ဖြိုးတက်ရေးကို အခြေခံအဆင့်မှစတင်၍ စနစ်တကျလေ့ကျင့်သင်ကြားပေး၍ မျိုးဆက်သစ် ထူးချွန်ထက်မြက်သော ကစားသမားများ မွေးထုတ်ရန်၊ လူငယ်အားကစားသမားများ၏ အဆင့်မြင့်စွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော လေ့ကျင့်ရေးစနစ်များ စီစဉ်ချမှတ်ဆောင်ရွက်နိုင်ရန်၊ ဒေသဆိုင်ရာ တိုင်းရင်းသားရိုးရာအားကစားများကို ထိန်းသိမ်းမြှင့်တင်ခြင်းနှင့်အတူ ခေတ်မီအားကစားပြိုင်ပွဲများ ပိုမိုကျင်းပရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များအတွက် အမှတ်တရလက်ဆောင်များကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများကို ပညာသင်ထောက်ပံ့ကြေး၊ စာရေးကိရိယာများနှင့် စားသောက်ကုန်များကိုလည်းကောင်း၊ ယာယီနေရပ်စွန့်ခွာသူဝန်ထမ်းများနှင့်မိသားစုဝင်များအတွက် စားသောက်ကုန်များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်ကြေညာထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် ဓမ္မာရုံသို့လည်းကောင်း သွားရောက်ပြီး ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားမှုအား ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကပ်ထားကြေညာသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ဥတ္တရသီရိမြို့နယ်အနေဖြင့် မဲရုံစုစုပေါင်း ၄၉ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၀၀၀၀ ကျော်ခန့်ရှိပြီး ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မဲရုံစုစုပေါင်း ၇၆ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၈၀၀၀၀ ကျော်ခန့်ရှိကြောင်း သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများမှ သတင်းရရှိသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

---

**အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုမှုအဆက်**

ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၂**

**တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/-ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၃**

**ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် လေးလအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက်အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့သွားရောက်နေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့်ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

**အပိုင်း ၄**

**နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး**

၄။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ ရှစ်နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄၈၀၀/- အပေါ်တွင် အပိုထောက်ပံ့ကြေးကျပ် ၁၀၀၀/- ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁၀၀၀/- ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂၀၀၀ /-အပြင် ထပ်မံ၍ ကျပ် ၁၀၀၀/-ကို အပိုထောက်ပံ့ကြေးအဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၇၈၀၀/-(ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြုရန် ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကိုလိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့် အလုပ်သမားများ၊

(ခ) အချိန်ပိုင်းသာဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

**အပိုင်း ၅**

**အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၆။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော အငြိမ်းစားဝန်ထမ်းများ(တပ်မတော်အငြိမ်းစားဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/- ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀/(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

**အပိုင်း ၆**

**အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက်နေထိုင်ကြသူများကို နိုင်ငံခြားတွင်သွားရောက်နေစဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည်မဟုတ်ပါ။

(ခ) ပင်စင်လစာတစ်ခုထက်ပို၍ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ရရှိနေသည့် ပင်စင်လစာအားလုံး၏ စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး(ဥပမာ-ကွယ်လွန်သူဝန်ထမ်း၏ ဇနီးနှင့် သားသမီးများအားလုံး)ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေးကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ခံစားခွင့်ရပ်စဲသွားသည့်အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန်မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်မရှိပါ။

(င) ပင်စင်နှင့် လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသော စည်းမျဉ်းများအတိုင်းပင် ဆက်လက်ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၃၁၀ (၃၉၀၄/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါ အချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

**အပိုင်း ၇**

**အထွေထွေ**

၈။ ဤအမိန့်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွက် ပေးရန်ရှိသော လစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

**ဒေါက်တာကံဇော်**
**ပြည်ထောင်စုဝန်ကြီး**

---

၁။ Study Leave ၂။ Deputation ၃။ Subsistence Allowance ၄။ Fixed Pay ၅။ Part-time

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၂/ ၂၀၂၅) ထုတ်ပြန်

ယနေ့ကမ္ဘာကြီးတွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာသည့်အတွက် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများက သတိပြုလာကြပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များအပါအဝင် ကိုယ်စိတ်နှစ်ဖြာအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လုံလောက်သောလူနေမှုအဆင့်အတန်းကို ရပိုင်ခွင့်ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှုရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

ထို့ပြင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ၁၉၉၁ ကုလသမဂ္ဂသက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခြေခံမူများအပါအဝင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ဒေသတွင်းကြေညာစာတမ်းများတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအား ခွဲခြားဆက်ဆံခံရမှုမရှိစေဘဲ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု၊ ကျန်းမာရေး၊ လူမှုအာမခံ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်၊ မိသားစုအခြေပြုစောင့်ရှောက်မှု စသည့်အခွင့်အရေးများကို ဖော်ပြထားသည်။

သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကိုမြှင့်တင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံသည် နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ် ဦးတည်ချက်ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ **"Older Persons Driving Local and Global Action: Our Aspira-tions, Our Well-Being and Our Rights" (ဘဝချမ်းသာ အခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး)** ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်သည် အိုမင်းမစွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရန်ပြဋ္ဌာန်းထားပြီး ၂၀၁၆ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၌လည်း အသက် ၆၀ နှစ်နှင့်အထက် မြန်မာနိုင်ငံသားအားလုံးကို အထူးစောင့်ရှောက်မှုများရရှိစေရန်၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများဖြစ်ပွားချိန်၌ သက်ကြီးပုဂ္ဂိုလ်များအတွက် အထူးအလေးထားဆောင်ရွက်ရန် စသည်တို့ကို ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သည် သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေးထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သင်ခန်းစာများ ပို့ချလျက်ရှိပြီး ကော်မရှင်ဥပဒေပုဒ်မ ၄၃ နှင့် ၄၄ တို့အရ ဘိုးဘွားရိပ်သာများ၊ သက်ကြီးပုဂ္ဂိုလ်နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများသို့ သွားရောက်ပြီး ၎င်းတို့ကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များပေးပို့လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဘိုးဘွားရိပ်သာ ရှစ်ခုနှင့် သက်ကြီးပုဂ္ဂိုလ်နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတစ်ခုတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

သက်ကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အတတ်ပညာ၊ အသိပညာ စွမ်းဆောင်ရည်များဖြင့် မျိုးဆက်သစ်များအတွက် လူမှုစီးပွားဘဝတည်ဆောက်ရေးကဏ္ဍစုံတွင် ဦးဆောင်ပါဝင်ကြရန်နှင့် သက်ဆိုင်သူများအားလုံးက သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက်ပေးနိုင်ကြပါရန် တိုက်တွန်းလျက် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေး အတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - ( ခ ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - ( ဂ ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းအား လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၂ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရှမ်းပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ စတင်ကြေညာ

**တောင်ကြီး စက်တင်ဘာ ၃၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အသီးသီးရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ယနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ ကြေညာထားသည်။



နံနက်ပိုင်းတွင် တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဘမြင့်၊ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းနှင့် အဖွဲ့ဝင်များသည် သစ်တောရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်၊ မြို့မရပ်ကွက်၊ ညောင်ဖြူစခန်းရပ်ကွက်နှင့် ကန်ရှေ့ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင် စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က အသိပေးထားသည်။

တောင်ကြီးမြို့နယ်တွင် ရပ်ကွက် ၅၁ ခု၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၃၄၆၄၄၆ ဦး၊ မဲရုံပေါင်း ၁၉၀ ရှိပြီး ပထမအကြိမ်မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ကပ်ထားမည်ဖြစ်ကြောင်း၊ ထို့အတူ ရွေးကောက်ပွဲကျင်းပမည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များတွင်လည်း မဲဆန္ဒရှင်စာရင်းများကို ယနေ့နံနက်ပိုင်းမှစ၍ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ ကပ်ထားကြေညာလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေး ဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဒလန်စွပ်စွဲ လူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် ၁-၁၀-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## နမီးဘီးယား Etosha National Park တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂၀၀၀၀ ပျက်စီးခဲ့



**ဝင်းဟုတ် စက်တင်ဘာ ၃၀**

နမီးဘီးယားနိုင်ငံ Etosha National Park တွင် စက်တင်ဘာလ ၂၉ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဥယျာဉ်မြေဟက်တာ ၂၀၀၀၀ လောင်ကျွမ်း ပျက်စီးခဲ့ကြောင်း နမီးဘီးယား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် သဘာဝအလျောက် လောင်ကျွမ်းခြင်းမဟုတ်ဘဲ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၏ စုံစမ်းဖော်ထုတ်မှုအရ မီးသွေးထုတ်လုပ်သည့် လုပ်ကွက်များမှ မတော်တဆမှုကြောင့် တောမီးလောင်ကျွမ်းမှု စတင်ခဲ့ခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က အတည်ပြု ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"တောမီး လောင်ကျွမ်းမှုကြောင့် Etosha National Park အတွင်းမှာ တော်တော်လေးကို ပျက်စီးဆုံးရှုံးမှု များပြားနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဥယျာဉ်မြေဟက်တာ ၂၀၀၀၀ ထိ ပျက်စီးခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကို စုံစမ်းစစ်ဆေးကြည့်တော့ သဘာဝအလျောက်လောင်ကျွမ်းခဲ့တာ မဟုတ်ဘဲ မီးပေါ့ဆမှုကြောင့် ဖြစ်ပါတယ်။ မီးသွေးဖုတ်ရာကနေ မီးမတော်တဆမှုကြောင့် ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ မီးပေါ့ဆသူတွေကို ထိရောက်စွာ အရေးယူဖို့ စစ်ဆေးမှုတွေပြုလုပ်နေပါတယ်" ဟု Etosha National Park အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

## ဥရောပနိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝအရင်းအမြစ်များ ရှားပါးလာပြီး စီးပွားရေးကဏ္ဍတွင် ဆုံးရှုံးမှုများဖြစ်ပေါ်

**ဘရပ်ဆဲလ် စက်တင်ဘာ ၃၀**

ဥရောပနိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်ကာ သဘာဝအရင်းအမြစ်များ ရှားပါးလာပြီး စီးပွားရေးကဏ္ဍတွင် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ကြောင်း ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(EEA)က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရာသီဥတု ဖောက်ပြန်မှုနှုန်း မြင့်တက်လာခြင်းကြောင့် သဘာဝအရင်းအမြစ်နှင့် ဆက်စပ်သော လုပ်ငန်းများတွင် သဘာဝအရင်းအမြစ်များရရှိရန် ခက်ခဲလာကြောင်း၊ အထူးသဖြင့် စားသောက်ကုန်လုပ်ငန်းများသည် သဘာဝအရင်းအမြစ်များရှားပါးလာခြင်းကြောင့် လုပ်ငန်းတချို့ ရပ်ဆိုင်းထားရသည့် အခြေအနေဖြင့်ပင် ရင်ဆိုင်နေရကြောင်း၊ ဥရောပနိုင်ငံများသည် ၂၀၂၅ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုပြဿနာဖြင့် အဓိကရင်ဆိုင်ခဲ့ရပြီး လေထုညစ်ညမ်းမှုအပြင် ရေထုညစ်ညမ်းမှုများဖြင့်ပါ ရင်ဆိုင်နေရကြောင်း သိရသည်။

"EU အဖွဲ့ဝင်နိုင်ငံတွေမှာ ဖြစ်ပေါ်နေတဲ့ ရာသီဥတု ဖောက်ပြန်မှုနှုန်းတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ ဆိုးရွားလာတယ်။ ရာသီဥတုဖောက်ပြန်မှု တွေကြောင့် သဘာဝ အရင်းအမြစ်ကို မှီခိုနေရတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ကြီးမားတဲ့ရိုက်ခတ်မှုတွေဖြစ်ပေါ်နေတယ်။ စီးပွားရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အဆင့် ဖြစ်နေတယ်။ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ရာသီဥတုဖောက်ပြန်မှုကိုထိရောက်စွာ ဖြေရှင်းဖို့လိုအပ်နေပါတယ်။ ဥရောပနိုင်ငံတွေမှာ ၂၀၂၅ ခုနှစ်အတွင်း အပူလှိုင်းတွေ မကြာခဏဖြတ်သန်းနေတဲ့အတွက်ကြောင့်လဲ အပူမြင့်တက်မှုတွေနဲ့ပါ ရင်ဆိုင်နေရတဲ့အတွက် ကျန်းမာရေးလုံခြုံမှုကိုပါ ထိခိုက်စေခဲ့ပါ တယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှုပြဿနာကို အားလုံးပူးပေါင်းပြီး ထိရောက်စွာဖြေရှင်းနိုင်ဖို့ လိုအပ်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (EEA)၏ ဒါရိုက်တာဖြစ်သူ လီနာဝိုင်လာက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

## ဆူဒန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်းမြစ်ဝှမ်း မြစ်ရေလျှံတက်လာနိုင်သဖြင့် ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ထား

**ခါတွန် စက်တင်ဘာ ၃၀**

ဆူဒန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး နိုင်းမြစ်ဝှမ်း မြစ်ရေလျှံတက် လာနိုင်သဖြင့် ရေဘေး အန္တရာယ်အနီရောင်အဆင့် သတ်မှတ်ထားကြောင်း ဆူဒန်အစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

နိုင်းမြစ်ဝှမ်းသည် ဆူဒန်နိုင်ငံ၏ ပြည်နယ်ငါးခုကို ဖြတ်သန်း စီးဆင်းနေသည့်အတွက် အဆိုပါ ပြည်နယ်ငါးခုစလုံးကို ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်လိုက်ကြောင်း၊ ရေဘေးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားသော ပြည်နယ် ငါးခုမှာ ကာတွမ်ပြည်နယ်၊ နိုင်းပြည်နယ်၊ ဝိုက်နိုင်းပြည်နယ်၊ ဆန်နာပြည်နှင့် ဘလူးနိုင်းပြည်နယ်တို့ ဖြစ်ကြောင်း၊ နိုင်းမြစ်ဝှမ်းမှ မြစ်ရေကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရည်ရွယ်၍ တည်ဆောက်ထားသော ရေလှောင်တမံများလည်း မြစ်ရေလျှံတက်မှုကြောင့် စိုးရိမ်ရေမှတ်ကို ရောက်လာနိုင်သည့်အတွက် ရေလှောင်တမံများ ဖောက်ချရနိုင်ကြောင်း ဆူဒန်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"နိုင်းမြစ်ဝှမ်းမြစ်ရေလျှံတက်လာနိုင်လို့ ပြည်နယ် ငါးခုမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ဒီပြည်နယ် ငါးခု မှာ ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်လိုက်ပါတယ်။ ကြိုတင်ကာကွယ်ရေး အစီစဉ်တွေကိုလဲ စတင်ဆောင်ရွက်နေပါတယ်။ ရေလှောင်တမံတွေလဲ ရေလျှံလာရင် ဖောက်ချရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ဆူဒန်အစိုးရအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

## ရုရှားနိုင်ငံ ရို့စတော့ဖ်နယ်မြေတွင် မိုးခေါင်မှုအရေးပေါ်အခြေအနေ သတ်မှတ်

**မော်စကို စက်တင်ဘာ ၃၀**

ရုရှားနိုင်ငံ ရို့စတော့ဖ်နယ်မြေတွင် မိုးခေါင်မှုဖြစ်ပေါ်နေပြီး မိုးခေါင်မှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ရုရှားဖက်ဒရေးရှင်းအစိုးရက တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု စက်တင်ဘာ ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရို့စတော့ဖ်နယ်မြေ တောင်ဘက်ပိုင်းတွင် ရာသီဥတုလွန်ကဲမှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားလာသဖြင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေ သတ်မှတ် လိုက်ခြင်းကြောင့်၊ တောင်သူများအနေဖြင့် နစ်နာကြေးတောင်းခံနိုင်ပြီး ပျက်စီးဆုံးရှုံးမှုပေါ်မူတည်ကာ နစ်နာကြေးပေးသွားမည် ဖြစ်ကြောင်း ရို့စတော့ဖ်နယ် အာဏာပိုင်အဖွဲ့အစည်းက တရားဝင်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍက ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားနေပါတယ်။ မိုးခေါင်မှုအခြေအနေနဲ့ ပတ်သက်ပြီး သမ္မတကြီးနဲ့ စိုက်ပျိုးရေးဝန်ကြီး အိုဆာနာလက်တို့ ဆွေးနွေးတိုင်ပင်ပြီးတော့ အရေးပေါ်အခြေအနေ သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်လို့ တောင်သူတွေအနေနဲ့ နစ်နာကြေးတောင်းခံနိုင်ပါတယ်။ ပျက်စီးမှုပမာဏပေါ်မူတည်ပြီးတော့ နစ်နာကြေးရရှိမှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ကတော့ တောင်သူတွေကို ချေးငွေတွေ ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်"ဟု ရို့စတော့ဖ်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ယူရီဆလူဆာက ပြောကြားခဲ့ကြောင်း သိရသည်။

မိုးခေါင်မှုကြောင့် ပျက်စီးခဲ့သော စိုက်ပျိုးမြေ ပမာဏမှာ ဟက်တာ တစ်သန်းထိ ရှိနေပြီး ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသော တောင်သူများကို နစ်နာကြေးပေးရန် အတွက်လည်း စတင် စီစဉ်နေပြီဖြစ်ကြောင်း ယူရီဆလူဆာက ဆက်လက်ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် ဘူအလွိုင်စူပါတိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၁၉ ဦးထိ မြင့်တက်လာပြီး ၂၁ ဦး ပျောက်ဆုံးနေ

**ဟနွိုင်း စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် ဘူအလွိုင်စူပါတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် သေဆုံးသူ ၁၉ ဦးထိ မြင့်တက်လာခဲ့ပြီး ပျောက်ဆုံးနေသူ ၂၁ ဦးရှိလာပြီဖြစ်ကြောင်း ဗီယက်နမ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မုန်တိုင်းသည် စက်တင်ဘာ ၂၈ ရက်မှစတင်၍ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းစတင်ဝင်ရောက်စဉ်သေဆုံးသူ တစ်ဦးသာ ရှိခဲ့သော်လည်း ယနေ့ ထိ သေဆုံးသူ ၁၉ ဦးထိ မြင့်တက်လာကာ ပျောက်ဆုံးနေသူ ၂၁ ဦး ရှိနေပြီဖြစ်ကြောင်း၊ ဘူအလွိုင်စူပါ တိုင်ဖွန်းမုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၈ ဦး ထက်မနည်းရှိနေပြီး လူနေအိမ်ခြေပေါင်း ၁၀၀၀၀၀ ထက်မနည်းရှိနေပြီဖြစ်ကြောင်း ဗီယက်နမ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက အတည်ပြုသွားခဲ့ကြောင်း သိရသည်။

"ဘူအလွိုင်စူပါ တိုင်ဖွန်းမုန်တိုင်းကြောင့် ဒီနေ့ထိ သေဆုံးသူ ၁၉ ဦးထိ မြင့်တက်လာပြီး ပျောက်ဆုံးနေသူ ၂၁ ဦးထိ ရှိနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ၈၈ ဦးထက် မနည်းရှိနေပြီးတော့ ပျောက်ဆုံးနေသူတွေကိုတော့ ရှာဖွေကယ်ဆယ်ပေးနေပါတယ်။ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေပြီး သစ်ပင်၊ သစ်ကိုင်းတွေလဲ ကျိုးကျနေတဲ့အတွက်ကြောင့် လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေသလို လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ လူနေအိမ်ခြေပေါင်း ၁၀၀၀၀၀ လောက်ထိ ပျက်စီးသွားတယ်"ဟု ဗီယက်နမ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

ဝတ္ထုတိုကဏ္ဍ

# စည်းပျက်တံငါ

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ရှေ့ရေယက်ကလေးနှစ်ခုကို တဖျပ်ဖျပ်ယက်၊ သူအားအကိုးဆုံး၊ အားအထားရဆုံး အမြီးဖျား ရေယက်ကြီးကို ညွှတ်ကွေးကာ အားနှင့် ရိုက်ခတ်ကူးထွက်အံ့ဆဲဆဲအချိန်ကလေးမှာပင် သူ့ခေါင်းထဲသို့ အတွေးတစ်ခုက ဝင်ရောက်လာခဲ့သည်။

သားကလေးများ၊ သားပေါက်ကလေးများ ကွန်ထဲမှာကျန်ရစ်တော့မည်၊ ကျန်ခဲ့ရှာတော့မည်။ ထိုသားပေါက်ကလေးများသည် သူ့လို အသိဉာဏ်မရှိ၊ သူ့လိုအတွေ့အကြုံမရှိ၊ သူ့လိုခွန်အားဗလ မရှိရှာသေးသည့် ပကတိကလေးငယ်များပါတကား။

ယခုလောက်ဆို ကွန်သားများကြားမှာ ဟိုတိုးသည်ထွက် အသက်ဘေးအတွက် ကြောက်လန့်တကြား ချောက်ချားတုန်လှုပ်စွာ၊ ကယ်သူမဲ့စွာ၊ အားငယ်စိုးထိတ်စွာ ကျန်ရစ်ရှာပေလိမ့်မည်။

ထားခဲ့မည်လား။ ကိုယ်လွတ်ရုန်း ထွက်ပြေးရမည်လား၊ ဒွိဟစိတ်ဖြင့် တွေဝေငြိမ်သက်နေမိသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပြီး နွံပြင်ကြာစွယ်များကြားတွင် ခိုကပ်နေရာမှ ရေပြင်ပေါ်ကနေ ဖုံးလွှမ်းကျဆင်းနေဆဲ ကွန်သားဖူးကွက်များဆီ မြန်သောအဟုန်ဖြင့် ထိုးတက်လာခဲ့မိပြီ။

"သားကလေးတွေရေအမေလာပြီကွဲ့။ အားမငယ်နဲ့ မကြောက်ကြနဲ့ကွဲ့။ မင်းတို့ကိုထားပြီး အမေမသွားရက်ဘူးကွဲ့။ တို့တစ်တွေ သေတစ်ကံရှင်တစ်ကံ အတူရုန်းကန်ရင်ဆိုင်ကြမယ်ကွဲ့။ အမေ့မှာ အတွေ့အကြုံတွေ ခွန်အားသတ္တိတွေအပြည့်ရှိပါတယ်ကွဲ့။ တို့အပေါ်အုပ်မိုးကျလာတဲ့ ကွန်သားတွေကို အမေ့ရဲ့သန်မာတဲ့ဦးခေါင်းတွေ၊ အမြီးတွေနဲ့ ထိုးခွဲပေးမယ်ကွဲ့။ ကွဲထွက်သွားတဲ့အပေါက်ကနေ သားကလေးတွေ တိုးထွက်သွားကြတော့ကွယ်။ တို့တစ်တွေလွတ်အောင် အမေကြံဆောင်နိုင်ပါတယ်ကွယ်"

အတွေးထဲတွင် စကားအများကြီးပြောရင်း ရေမျက်နှာပြင်နားဆီ ရောက်လာချိန်မှာတော့ သားပေါက်ကလေးများ ယောက်ယက်ခတ်နေကြပြီ၊ ကြောက်နေကြပြီ။ သားထိန်းငါးရံ့ကြီးဘေးကို အားကိုးတကြီး ကပ်ကာတိုးဝှေ့နေကြသည်။

သားထိန်းငါးရံ့ကြီးသည် အစွမ်းကုန်အားအင်များထုတ်၍ ကွန်သားပြင်ကို ဝင်၍ထိုးခွဲလိုက်သည် မရ။

နောက်တစ်ကြိမ်၊ ပြီးတော့နောက်တစ်ကြိမ်၊ နောက်ထပ်တစ်ကြိမ် အကြိမ်ကြိမ်တိုး၏၊ ဆောင့်၏ မရပေ။

အံ့ဩဖွယ်ကောင်းပါဘိ၊ ကွန်သားသည် တင်းမာပြတ်တောက်သွားခြင်းမရှိ၊ ကွဲထွက်သွားခြင်းမရှိ၊ သူတိုးဝင်ရာနောက်သို့ ပျော့ပျောင်းစွာ။ သို့သော် ခိုင်ခံ့စွာပါလာဆဲဖြစ်၏။

ပြီးတော့ ရုန်းကန်တိုးထွက်နေသည့် သူ၏ ပါးဟပ်များ၊ ရေယက်များ၊ အမြီးဖျားများအားလုံး ကွန်သားပြင်တွင် သွား၍ငြိတွယ်နေကြပြီ။ သူ အားကုန်ရုန်းသည်။

ဘာကြောင့်ကွဲထွက်မသွားသနည်း သူတွေး၍ မရ။ ပျောင်းနွဲ့သော်လည်း ခိုင်ခံ့လှပါဘိ။ စောစောက ငါးရံ့ဒိုင်းကြီးနှင့် တိုက်ခိုက်ထားရသဖြင့် သူ့ခွန်အားများကုန်ခဲ့ပြီလား။ ဒဏ်ရာအနာတရများကြောင့် ခွန်အားများဆုတ်ယုတ်လေသလား။

ယခုတော့ သားထိန်းငါးရံ့ကြီး မတတ်နိုင်တော့ပြီ။ သားပေါက်ကလေးများရော သူ့ပါ ကွန်ပိုင်ရှင်၏ ဆွဲခေါ်ရာ ရေပြင်ထက်ဆီ တဖြည်းဖြည်းပါသွားရပေတော့မည်။

(၉)

ဖိုးချစ်သည် ငါးရံ့သားပေါက်အုပ်ကြီးပေါ်သို့ လှလှပပတိတိကျကျအုပ်မိသွားသော သူ့ကွန်ချက်ကို သဘောကျကျေနပ်စွာကြည့်ပြီး ကွမ်းတစ်ယာခါးပိုက်ထဲမှ ထုတ်၍စားကာ အမောဖြေလျက်ရှိသည်။

ကွန်အောက်ခြေချေးအိတ်တွင် စီစီရီရီတပ်ထားသည့် နှစ်ပိသာခန့်လေးသည့် ခဲသီးများက ကွန်သားများကို ရေပြင်အောက်ခြေနွံပြင်ထဲထိ တဖြည်းဖြည်း ဆွဲချနစ်ဆင်းသွားသည်ကို အရသာခံ၍ကြည့်ပြီး ကွန်ဖူးကြိုးကို "ဖျောင်းခနဲ ဖျောင်းခနဲ"ဆက်၍ ဆက်၍ ခါလိုက်သည်။

ထိုခဏမှာပင် ကွန်အတွင်းမှ တဝုန်းဝုန်းအသံများနှင့်အတူ ရေလုံးရေပွက်များ တဖွားဖွားလွင့်ပျံ့ထွက်လာသည်ကို တွေ့လိုက်ရသည်။

"ဟား ဟား ဟား ဟား သားပေါက်တွေတင်မကဘဲ သားထိန်းငါးရံ့ကြီးပါ မိနေပါရောလားကွ။ ရုန်းလေ ရုန်းလိုက်စမ်းပါကွငါးရံ့ကြီးရ။ ကွန်သားတွေ ကွဲထွက်အောင်ရုန်းပြစမ်း။ ဒါဟာ ရိုးရိုးချည်သားနဲ့ ထိုးထားတဲ့ ကွန်ချည်မဟုတ်ဘူးကွ။ နိုင်လွန်ချည်နဲ့ ထိုးထားတဲ့ကွန်ကွ သိရဲ့လား။ ရုန်းစမ်း၊ ရုန်းစမ်း၊ ဘယ်လောက်ရုန်းရုန်း ကွန်သားကတော့ ကွဲမှာမဟုတ်ဘူး။ မင်းပဲမောမှာပါ ငါးရံ့ကြီးရာ ဟား ဟား"

သဘောကျစွာ တဟားဟားအော်ရယ်ပြီး ကွန်ကို တစ်တောင်ချင်း တစ်တောင်ချင်း အသာချော့ကာ ချော့ကာ ဆွဲ၍ဆွဲ၍ဖော်သည်။

ကွန်အတွင်းမှာတော့ နီနီရဲရဲသားပေါက်များရော သုံးပိသာခန့်ငါးရံ့ကြီးပါ ကွေးကွေးကြီးပါလာသည်။ ငါးရံ့ကြီးမလှုပ်နိုင်တော့ မောနေပြီ။

တစ်ကောင်ချင်းဖြုတ်မနေအား အိမ်ကျမှ မိန်းမကြည့်လုပ်လိမ့်မည်။ ယခုတော့ ကွန်အစိပ်ကလေးကို လုံးထွေးပြီး ပခုံးပေါ်ထမ်းလာခဲ့သည်။ အိမ်အပြန် မျက်နှာပန်းလှခဲ့ပြီ။ ကန်သင်းရိုးပေါ်မှာ တင်ကျန်နေသည့် ခရုခွံများ၊ လယ်ကဏန်းလုံးအခွံများ ဖိုးချစ်၏ ခြေထောက်အောက်တွင် တခွပ်ခွပ်ကွဲကြေရင်း ကျန်ခဲ့သည်။

(၁၀)

"မှတ်ပလားကွ ရွှမ်း မှတ်ပလားကွ ရွှမ်း။ တံငါလုပ်ပြီး တံငါစည်းကို မစောင့်ချင်တဲ့ကောင်။ မှတ်ပလားကွ ရွှမ်း။ ခွေးလိုကောင်၊ ဝက်လိုကောင်၊ ငါးရံ့သားပေါက်တွေ မဖမ်းရဘူး၊ ဥချမဲ့ငါးတွေမဖမ်းရဘူး၊ မဆီးရဘူးဆိုတာ ငါတို့တံငါတွေ အစဉ်အဆက်လိုက်နာခဲ့ကြတဲ့စည်းကမ်းကွသိရဲ့လား။ အခု နင်ဖမ်းလာခဲ့တဲ့သားပေါက်တွေဟာ နည်းသလား။ အခုနေ ချက်စားရင် ဟင်းတစ်အိုးစာ၊ မိသားစုတစ်နပ်စာထက် ပိုလို့လားကွဟေ။ အဲဒီ သားပေါက်တွေ ဆက်ပြီးကြီးလာခဲ့ရင်၊ အရွယ်ရောက်လာခဲ့ရင် ဖမ်းစမ်းကွာ၊ စားစမ်းကွာ ဘယ်လာကုန်နိုင်ပ့ါမလဲ။ မျက်စိတစ်ဆုံးမကြည့်ဘဲ မျက်မွှေးတစ်ဆုံးလောက်သာကြည့်တတ်တဲ့ နင်တို့လို တံငါစည်းပျက်တွေကြောင့် အခုဆိုရင် ငါးတွေမျိုးသုဉ်းတော့မယ်။ ရှားပါးနေပြီ၊ ရှာလို့ဖွေလို့ခက်လာနေပြီ။ ဒီလိုသာ စည်းမရှိကမ်းမရှိ ဆက်လုပ်နေကြရင် နောင်ဆိုငါးတွေ အရုပ်ရေးကြည့်ရမလို ဖြစ်တော့မယ်။ တံငါအလုပ်နဲ့ အသက်မွေးတဲ့ ငါတို့လိုလူတန်းစားတွေလဲ အသက်ရှင်နိုင်မှာမဟုတ်တော့ဘူးဆိုတာ မသိဘူးလားကွဟေ။ ဒါ နမူနာပဲ။ နောက်တစ်ခါဒါမျိုးလုပ်ရင် အသေပဲမှတ်ထား ခွေးကောင် ထွီ"

ပါးစပ်ထဲမှာငုံထားသည့် ကွမ်းဖတ်များကို "ထွီခနဲ"မြည်အောင်ထွေးထုတ်လိုက်ပြီး အိမ်ရှေ့ကပြင်လေးမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ တံငါအို၊ တံငါလက်ဟောင်းကြီး ဦးအောင်လှ တစ်ယောက်မောနေပြီ။ သားဖြစ်သူဖိုးချစ်ကို အိမ်တိုင်မှာဖက်ထားခိုင်းပြီး ဝါးခြမ်းပြားနှင့် စိတ်ရှိသလောက်ရိုက်လိုက်ရသဖြင့် ပိန်ကပ်ကပ်ရင်ဘတ်ကလေး ဖားဖိုလိုက်အောင် ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ရှူနေရပြီ။

ဖိုးအောင်လှတစ်ယောက် သူ့သားများရော ရွာထဲရှိတံငါလူငယ်တချို့ကိုပါ သဘောမတွေ့လှ။ ယခုလူများသည် စောင့်ထိန်းရမည့်စည်းကမ်းများ ထိန်းသိမ်းရမှန်းသိသူနည်းလာပြီ။ သားပေါက်ကလေးများ ဖမ်းလာလို့ဖမ်းလာ၊ အင်းထဲ၊ အိုင်ထဲ၊ ချောင်းထဲ၊ မြောင်းထဲဆေးခတ်ပြီး ဖမ်းလာလို့ဖမ်းလာ ဘာကိုမှမမှုကြတော့။ လောလောလတ်လတ် ထမင်းတစ်လုတ်စားရဖို့သာတွေးသူများလာကြပြီ။ ဒါတွေကို ဖိုးအောင်လှ မကြိုက်။

ဒါကြောင့်ပင် သူ့သားသူ ဆုံးမနေခြင်းဖြစ်သည်။ အဘွားကြီး ဒေါ်ဖေ့ကတော့ သူ့ယောကျ်ား ဒေါသကြီးမှန်းသိ၍ ဝင်မဆွဲရဲ။ ပြီးတော့ ဖအေက သည်လောက်တားဆီးပိတ်ပင်နေသည့်ကြားက မိန်းမဖြစ်သူ၏အလိုကိုလိုက်၍ ငါးရံ့သားပေါက်များ သွားဖမ်းသောသားကိုလည်း ဒေါသဖြစ်သည်။

ဖိုးအောင်လှရှေ့သို့ ရေနွေးကြမ်းအိုးချပေးပြီး မီးဖိုချောင်ထဲသို့ပြန်အလှည့်ကွင် အိမ်တိုင်ကိုမှီပြီး ငူငူကြီးထိုင်နေသည့်ဖိုးချစ်ကို လှမ်းမြင်တော့ "ငါ့သားကလေး တော်တော်နာသွားတယ်ထင်ပါရဲ့" ဟုတွေးရင်း အနားကို တိုးကပ်သွားသည်။

တကယ်တော့ သူတို့တွင် သားသမီးငါးယောက်ရှိပြီး ဖိုးချစ်က အငယ်ဆုံးဖြစ်သည်။ အကြီးဆုံးသားသည်ပင် အသက် ၅၀ နား နီးနေပြီ။ ဖိုးအောင်လှကတော့ ဘာမှဂရုမစိုက်။ စိတ်မထင်လျှင်မထင်သလို ခေါ်ရိုက်နေဆဲရှိသေးသည်။

"ဒီအဘိုးကြီးဟာလေ ဒေါသကလဲကြီးပ့ါ။ သူ့သားသမီးတွေက ငယ်တော့တာမဟုတ်ဘူး။ ရှက်ရှာပေမပေ့ါ"ဟု ပါးစပ်က မကြားတကြားပြောရင်း သား၏ ကျောကုန်းကို ကြည့်၏။ ကျောပြင်မှာတော့ ဒဏ်ရာများမရှိ။ ဧကန္တ တင်ပါးကိုရိုက်တာဖြစ်မည်။

အသက်က မငယ်တော့သော်ငြား မအေက ယုယုယယနှင့် ဟိုစမ်းသည်စမ်းပြုသောအခါ ဖိုးချစ်သည် ဝမ်းနည်းလာသည်ထင်၏။ ခေါင်းကြီးငုံ့ပြီး မျက်ရည်ကျသည်။

တကယ်တော့ အဖေရိုက်တာနာ၍မဟုတ်။ အဖေခေါ်နေသတဲ့ သတင်းကြားသည်နှင့် ပုဆိုးအောက်ကနေ ဘောင်းဘီနှစ်ထပ်ခံ၍ ဝတ်လာပြီးသားဖြစ်သည်။ ပြီးတော့ အဖေကအသက် ၇၀ ကျော်ပြီ၊ အိုမင်းနေပြီ။ အားအင်မရှိတော့၊ ရိုက်သည့်တုတ်ကလည်း ဝါးခြမ်းပြားကလေးသာ။

သူမျက်ရည်ကျသည်က အကြိမ်ပေါင်းများစွာ၊ ထပ်ကာထပ်ကာဆုံးမခဲ့သော တံငါများ၏စည်းကမ်းကို ညွှန်ပြသွန်သင်ခဲ့သော ဖခင်ကြီး၏စကားကို မျက်ကွယ်ပြုပြီး မိန်းမဖြစ်သူ၏စကားကို နားယောင်ကာ မိမိတို့ တစ်နပ်စာ၊ တစ်အိုးစာအတွက်၊ သားပေါက်ကလေးပေါင်းများစွာကို စတေးခဲ့သည့် မိမိ၏ လုပ်ရပ်အမှားအတွက်၊ ပြီးတော့ တံငါတို့၏ စည်းကို ဖောက်ဖျက်ခဲ့မိသည့်အတွက်ပါ။

# ရေဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ထောပတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ စိုက်ပျိုးကြတာ များပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန် သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးကြသောတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် တီလားဗီးယားငါးများ ထွက်ရှိပြီး ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှစ၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ရေထွက်ကုန်ဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဇလွန်မြို့နယ်ကနေ အခြားဒေသတွေကို ပိဿာချိန်များများ တင်ပို့နေရလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒေသထွက် တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီး အကင်ဆိုင်တွေ၊ ပင်လယ်စာဆိုင်တွေရဲ့ အကြိုက်ဖြစ်ပါတယ်။ လက်ရှိ အရောင်းအဝယ် ကောင်းနေတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဇလွန်မြို့နယ်မှ ထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် တီလားဗီးယားငါးများ အပါအဝင် အခြားရေထွက်ကုန်များကို ဇလွန်ဈေးကွက်အပြင် ပုသိမ်၊ ဟင်္သာတ စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘားအံမြို့နယ် ဌာနီကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဌာနီကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်နှင့် ဝန်ထမ်းများက VRFP စီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ဌာနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၇၀ ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ပြောပြ၍ သိရသည်။

**ကိုသက်**

# ဇရာအိုမှ သားမောင်သို့မှာတမ်း

- သားလှချစ်ဆုံး ငယ်ငယ်တုန်းက
ယုယပိုက်ထွေး အေးမြမေတ္တာ
ချိုကြည်စွာဖြင့် ချိန်ခါမရွေး
လူလေးပျော်ဖို့ ငါတို့ကြိုးပမ်း
တာဝန်ထမ်းခဲ့ သို့ပေမဲ့လဲ
စဉ်မြဲရှင်လန်း မပင်ပန်းပေါ့။

- ကြီးပြင်းလာသော် ပညာတော်အောင်
ထုတ်ဖော်သင်ကြား ဆရာများထံ
အပ်နှံထားပြီး ဘွဲ့ကြီးတွေရ
လူလုံးလှအောင် တို့ကြံဆောင်ခဲ့။

- ယခုအခါ သင်ဟာဖြစ်မြောက်
လူလားရောက်ခဲ့ ထိုမဲ့ချိန်ခါ
တို့မှာအိုမင်း ဇရာချဉ်း၍
အခင်းမလှ ဖြစ်နေရပြီ
ဒုက္ခဖုံဖုံ တွေ့ကြုံနေရ
တို့ဘဝကို သင်ကတစ်ဖန်
ပြန်လှန်ကူဖေး ပြုစုပေးလော့
လူလေးဖွေ့သား ရွှေမင်းသား။

- ချည့်နဲ့လက်တုန် ထမင်းပုံတို့
ဖိတ်ကုန်လွင့်ကျ ရှိခဲ့ရလည်း
စိတ်ကမငြူ မဆူပါနဲ့
ကူကာလက်ပေး မေတ္တာနွေးဖြင့်
ငြိမ်းအေးသာယာ ရှိစေပါလော့။

- လျော့လျော့လျားလျား အားကမနိုင်
ခွေယိုင်လျှောက်လှမ်း သွားရာလမ်းလည်း
မျှော်မှန်းကူဖေး သင်ပြပေးလော့။

- ငါအိုသွားပြီ မစွမ်းသည်မို့
ကြည်ဖြူစိတ်ထား ရင်မှာထားလျက်
ဘိုးဘွားမိဘ ပြုစုကြပြီး
မြန်မာ့စဉ်လာ ထိန်းသိမ်းပါလော့။

- ငါတော့အိုမင်း သက်ရှင်ခြင်းဌာ
ကင်းကွာဆင်းရဲ ကုသိုလ်မြဲအောင်
စိတ်ထဲမသွေ ချမ်းမြေ့စေဖို့
တွေဝေမပြု ယုယလုပ်ကျွေးကြပါလော့။ ။

**အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုလျက်။**

**ဘိုမျိုး(ရွှေဘို)**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# သိမှတ်ဖွယ်ရာ လမ်းညွှန်စီရင်ထုံးနှစ်ခု

**စိန်လှိုင်ဗိုလ်**

တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သော တားဝရမ်းကိစ္စသည် တရားရုံးများတွင် မကြာခဏအသုံးများနေသော ကိစ္စဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်းဥပဒေ-၁ နှင့် ၂ တို့ဖြစ်ပါသည်။ **တရားရုံးသည် တားဝရမ်းကို အမှုသည်တစ်ဦးထံသို့သာ ထုတ်ဆင့်ရန်ပြဋ္ဌာန်းထားခြင်းဖြစ်ရာ အမှုသည်မဟုတ်သူ သူစိမ်းတစ်ရံသူအပေါ်ထုတ်ဆင့်ရန် အကြောင်းအရာ အာဏာမရှိခြင်းနှင့်ပတ်သက်၍** အများပြည်သူသိသင့်သိထိုက်သော ဥပဒေများကို ရေးသားတင်ပြပါဦးမည်။

အမှုတစ်ခုတွင်ဖြစ်သည်။ မူလအိမ်ရှင် ရှိတ်မိုဟာမက်နှင့် မခင်စိန်တို့က ရန်ကုန်မြို့၊ လမ်း(၃၀)၊ အမှတ် (၄၈)ရှိ အခန်းနံပါတ်(၄)တွင် ငှားရမ်းခကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်သူ ဦးကျော်မြင့်အပေါ် ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၂၁(၄)အရ အရေးယူပေးရန် ရန်ကုန်မြို့ငှားရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့သည်။

ဦးကျော်မြင့်က လျှောက်ထားချက်ကို မထုချေလိုကြောင်း အခန်းကို ရှိတ်မိုဟာမက်ကို အပ်ပေးပြီးဖြစ်ကြောင်း စသည်ဖြင့် ငှားရမ်းခကြီးကြပ်ရေးဝန်ထံသို့ အကြောင်းကြားခဲ့သော်လည်း အမှန်မှာ ဦးကျော်မြင့်သည် ထိုအခန်းမှ ဖယ်ရှားပေးရန် ငြင်းဆိုနေသဖြင့် ငှားရမ်းခကြီးကြပ်ရေးဝန်က ၎င်းကို ဖယ်ရှားပေးရန် အမိန့်ထုတ်ခဲ့ရသည်။

ထိုသို့ အမိန့်ထုတ်ခဲ့သဖြင့် ဦးကျော်မြင့်က ရန်ကုန်မြို့ တရားမရုံး၌ မစ္စတာရှိတ်မိုဟာမက်တို့အပေါ် ၎င်းတို့သည် အချင်းဖြစ်အခန်း၏ အိမ်ငှားတစ်ဦးဖြစ်ကြောင်း မြွက်ဖော်လိုမှုနှင့် ထိုအိမ်ခန်းမှ နှင်ထုတ်ခြင်းကို ထာဝစဉ်တားမြစ်ပေးစေလိုမှု တရားစွဲဆိုသည်။ ထို့ပြင် **တစ်ဆက်တည်းမှာပင် ဦးကျော်မြင့်က အမှုစစ်ဆေးနေစဉ် ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ယာယီတားဝရမ်းထုတ်ပေးရန်လျှောက်ထားရာ** တရားသူကြီးက ငှားရမ်းခ ကြီးကြပ်ရေးဝန်သည် အမှုသည်တစ်ဦးမဟုတ်၍ ၎င်းအပေါ် ယာယီတားဝရမ်း မထုတ်နိုင်ဟု အဆုံးအဖြတ်ပြုကာ လျှောက်ထားချက်ကို ပလပ်လိုက်သည်။ ထိုကဲ့သို့ ပလပ်လိုက်သော အမိန့်ကို မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားမကျင့်ထုံးအမိန့်-၃၉၊ နည်းဥပဒေ-၁ နှင့် ၂ တို့ကို သေချာစွာလေ့လာဖတ်ရှုလျှင် တားဝရမ်းကို အမှုသည်တစ်ဦးထံသို့သာ ထုတ်ဆင့်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့မြင်နိုင်သည်။ အမှုသည်မဟုတ်သူ သူစိမ်းတစ်ရံလူအပေါ် ထုတ်ဆင့်ရန် အာဏာမရှိပေ။ ထိုအတိုင်းပင်လည်း **ဖာကီရာမဟာဒါဂျီနှင့် ရန်စုခိဘိုင် အေအိုင်အာရ် ၁၉၄၆ နဂ်ပူး ၄၂၈ နှင့် မက်စတန်ကျောင်းအသင်းနှင့် ကာရီနက် အေအိုင်အာရ် ၁၉၅၁ အလ္လာဟာဘတ် ၅၅၈** အမှုများ၌ အဆုံးအဖြတ်ပြုထားသည်။

အယူခံတရားလို၏ရှေ့နေက တရားမရုံးအနေဖြင့် တရားမကျင့်ထုံးအမိန့် ၃၉ နည်းဥပဒေ-၁ နှင့် ၂ တို့က ခွင့်မပြုစေကာမူ တရားမျှတမှုစီရင်ပိုင်ခွင့်အာဏာဖြင့် တားဝရမ်းထုတ်ဆင့်ရန် အခွင့်အရေးရှိကြောင်း၊ ထိုအခွင့်အရေးကိုသုံးစွဲပြီး တားဝရမ်းထုတ်ပေးသင့်ကြောင်း တင်ပြလာသည်။ ယခုအမှုတွင် တားဝရမ်းထုတ်ပေးရမည့်ရုံးမှာ ရန်ကုန်မြို့ တရားမရုံးသာဖြစ်သည်။ ရန်ကုန်မြို့ တရားမရုံး၌ တရားလွှတ်တော်ကဲ့သို့လည်းကောင်း၊ တရားရုံးချုပ်ကဲ့သို့လည်းကောင်း တရားမျှတမှု စီရင်ပိုင်ခွင့်အာဏာမရှိချေ။ တရားမကျင့်ထုံးတွင် ပြဋ္ဌာန်းထားသည့်အတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ရာ ထိုပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်ခြင်းမပြုနိုင်ပေ။

ထိုသို့ ရန်ကုန်မြို့ တရားမရုံးက ဆောင်ရွက်ရန်အာဏာမရှိသည့် ကိစ္စတစ်ရပ်ကို ဤအယူခံရုံးအနေဖြင့် ထိုအာဏာကို ဖြည့်စွက်ပေးအပ်ခြင်း မပြုနိုင်ပေ။ **ကရုပ္ပရားနှင့် ပူနူးဆွာမိ အေအိုင်အာရ် ၁၉၃၃ မဒရပ် ၅၀၀** အမှုတွင် ထိုအတိုင်းစီရင်ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်ကြောင်း တရားသူကြီး ဦးသက်ဖေက ရည်ညွှန်းကိုးကားထားသည်။

ရန်ကုန်မြို့တရားမရုံး၌ တရားမကျင့်ထုံးပုဒ်မ-၁၅၁ အရ မူလဘူတ အာဏာရှိသည်မှာ မှန်၏။ သို့ရာတွင် ထိုအာဏာကို တရားမကျင့်ထုံးတွင် အခြားပြဋ္ဌာန်းချက်မရှိမှသာ အသုံးချနိုင်မည်ဖြစ်သည်။ တားဝရမ်းကိစ္စနှင့်ပတ်သက်၍ အမိန့်-၃၉ တွင် ပြဋ္ဌာန်းချက်ရှိနေပြီးဖြစ်ရာ တရားမရုံးအနေဖြင့် မူလဘူတအာဏာကို အသုံးမပြုနိုင်ချေ။ **ရမ်ဆရန်ဒတ်နှင့် မော်လအေအိုင်အာရ် ၁၉၂၆ လာဟို ၂၈၄** အမှုတွင် တားဝရမ်းကို အမှုသည်မဟုတ်၍ ထုတ်မပေးနိုင်သည့်အပြင် မိမိလက်အောက်အရာရှိ မဟုတ်သည့် အစိုးရအမှုထမ်းတစ်ဦးအပေါ် တားဝရမ်းထုတ်ပေးရန် တရားမရုံး၌ မူလဘူတအာဏာမရှိကြောင်း ဆုံးဖြတ်ထားသည်။ **ငှားရမ်းခကြီးကြပ်ရေးဝန်သည် ရန်ကုန်မြို့တရားမရုံး၏ လက်အောက်ခံအရာရှိမဟုတ်ပေ။ ထို့ပြင် ၎င်းသည် အမှုသည်လည်းမဟုတ်၍ တရားမရုံးအနေဖြင့် ၎င်းအပေါ် ယာယီတားဝရမ်း မထုတ်နိုင်ဆိုသော** ကောက်ယူချက်မှာ မှန်ကန်ကြောင်း သုံးသပ်ခဲ့သည်။ အယူခံတရားလို၏ရှေ့နေက တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီ ၁၈ နေ့စွဲပါ စာအမှတ်- ၂၃၂/၂၀-၁၅၅(၆၃) ကို ကိုးကားပြီး တားဝရမ်းထုတ်ပေးသင့်သည်ဟု ဆိုလာသည်။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ဥပဒေတစ်ရပ်ပြုလုပ်မည်ဟု သိရသဖြင့် မှုခင်းများကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ပြီး ဖြစ်သော်လည်း မိမိသို့မဟုတ် အခြားတရားရုံးကချမှတ်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှ နှင်ထုတ်သည့် ဒီကရီကိုသော်လည်းကောင်း အမိန့်ကိုသော်လည်းကောင်း အကျိုးသက်ရောက်စေရန် အရေးယူဆောင်ရွက်ခြင်းမှ ခေတ္တရပ်ဆိုင်းရန် ညွှန်ကြားပါသည်ဟုဖြစ်သည်။**

အထက်ပါညွှန်ကြားစာအရ ရပ်ဆိုင်းထားရမည့်ကိစ္စမှာ **တရားရုံးတစ်ခုခုမှ ချမှတ်ထားသည့် ဒီကရီသို့မဟုတ် အမိန့်သာဖြစ်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားရန် အမိန့်ထုတ်ခြင်းခံရသူများမှာ တရားမတရားသူကြီးများသာဖြစ်သည်။ ငှားရမ်းခကြီးကြပ်ရေးဝန်သည် တရားမတရားသူကြီးလည်းမဟုတ် ၎င်း၏ အမိန့်မှာလည်း တရားရုံး၏ အမိန့်မဟုတ်ချေ။ ထို့ကြောင့် အယူခံတရားလိုရှေ့နေတင်ပြသောစာမှာ ဤအမှုနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိကြောင်းသုံးသပ်၍ ဦးကျော်မြင့်၏ အယူခံလွှာကို တရားစရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။**

အမှုကိစ္စအကြောင်းအရာများစွာကို စီရင်ထုံးတွင်ပါသည့်အတိုင်း ရေးသားတင်ပြခဲ့သော်လည်း ဆိုလိုရင်းအနှစ်ချုပ်မှာ အမှုသည်မဟုတ်သူ သူစိမ်းတစ်ရံလူအပေါ် တရားမကျင့်ထုံး ဥပဒေအမိန့်-၃၉၊ နည်းဥပဒေ-၁ နှင့် ၂ တို့အရ ထုတ်ဆင့်ရန်အာဏာမရှိကြောင်း အမှုသည်တစ်ဦးဦးထံသို့သာ ထုတ်ဆင့်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို မှတ်သားသိရှိနိုင်ရန် **ဦးကျော်မြင့် (အယူခံတရားလိုနှင့် မစ္စတာရှိတ်မိုဟာမက် (ခ) ဦးဟံသိန်းပါ ၂ (အယူခံ တရားခံ) ၁၉၆၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၁၈၂) တွင် ရန်ကုန်မြို့တော် တရားမရုံး၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု ၁၉၆၆ ခုနှစ် တရားမအထွေထွေ အယူခံမှုအမှတ်-၂၂** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာအခြေအနေပေးသဖြင့် နောက်ထပ် သိမှတ်ဖွယ်ရာ အကြောင်းအရာတစ်ခုကို ထပ်မံရေးသားတင်ပြပါဦးမည်။ တရားခွင်နှင့် ရှေ့နေသည် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ တရားရုံး၏ နေ့စဉ်မှတ်တမ်းတွင် မိုက်မဲစွာဟူသော စကားလုံးကို တရားခံ ရှေ့နေကြီးနှင့်စပ်လျဉ်း၍ သုံးနှုန်းထားခြင်းနှင့် ပတ်သက်၍ မသင့်လျော်ခြင်း၊ ရုံး၏သမာဓိရှိမှုနှင့် ယဉ်ကျေးမှုတို့ကို ထိခိုက်စရာအကြောင်းရှိခြင်း၊ မနှစ်မြို့စရာကောင်းသော စကားလုံးတို့ကို မသုံးစွဲသင့်ခြင်းနှင့်ပတ်သက်၍ စီရင်ထုံးဖွဲ့ခဲ့သော အမှုတစ်ခု ရှိခဲ့ဖူးပါသည်။

သံတွဲမြို့မရာဇဝတ်တရားသူကြီး (အထူးရုံး) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၃၅ ဦးထွန်းရင်နှင့် ဦးနိုဗူပါ ၄ အမှုတွင် ၁၉၆၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်နေ့စွဲပါ အစဉ်မှတ်စာတမ်းတွင် အမိန့်တစ်ရပ်ချမှတ်သည်။ ထိုအမိန့်တွင် ဦးနိုဗူသည် တရားလို ဦးထွန်းရင်စွဲဆိုသော ရာဇသတ်ကြီးပုဒ်မ-၅၀၀ အရ ပြစ်မှုမြောက်ပါသည်ဟု ဝန်ခံသဖြင့် ၎င်းကို ဒဏ်ငွေ(၂၅) ကျပ်ပေးဆောင်စေ။ ပျက်ကွက်က အလုပ်မဲ့ထောင်ဒဏ် (၁)လ ကျခံစေရန်ဟုပါရှိသည်။ ကျန်တရားခံသုံးဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ-၅၀၀ အရ စွဲချက်တင်ပြီး ၎င်းတို့က အပြစ်မရှိကြောင်း ထုချေကြသဖြင့် ၎င်းတို့အပေါ် ဆက်လက်အမှုစစ်ဆေးရန်ဟူ၍လည်း ပါရှိပါသည်။

ထိုအမိန့်တွင် **"ကျန်တရားခံများသည် အပြစ်မရှိကြောင်း ခုခံသည့်အပြင် ၎င်းတို့ဝတ်လုံက တရားလိုပြသက်သေအားလုံးကိုလည်း ပြန်လည်စစ်ဆေးလိုသည့်အပြင် ရုံးပြောင်းရန်ကိုလည်း လျှောက်လဲမည်ဟု မိုက်မဲစွာတင်ပြသည်"** ဟု ပါရှိသည်။ ဤအမှုတွင် တရားခံများဘက်မှ ရှေ့နေကြီးသည် လိုက်ပါဆောင်ရွက်ရာတွင် တရားခံများအတွက် အပတ်တကုတ်ကြိုးစားပြီး ဆောင်ရွက်နေသော ပုဂ္ဂိုလ်ဖြစ်သည်။

ရှေ့နေကြီးများသည် အမှုစစ်ဆေးရာတွင် အမှုအမှန်ရရန် ရုံးများတွင် အကူအညီပေးနေသူများဖြစ်သည်ဟုယူဆသည်။ ရှေ့နေကြီးက ရုံးသို့ အချက်အလက်များကို တင်ပြရာတွင် စိတ်လိုက်မာန်ပါတင်ပြချက်ကို ရုံးကအထင်မှားပြီး ၎င်း၏အမိန့်တွင် **မိုက်မဲစွာ**ဟု ဖော်ပြထားခြင်းမှာ ရုံးအနေဖြင့် မသင့်လျော်ဟု ယူဆသည်။ ထိုကဲ့သို့ မသင့်လျော်သော စကားနှင့် မညီညွတ်သည့် စကားလုံးဖြစ်သော **မိုက်မဲစွာ** ဟူသော စကားလုံးကို အောက်ရုံးအမိန့်တွင် မပယ်ဖျက်ဘဲထားရှိပါက ရုံး၏သမာဓိရှိမှု သိက္ခာရှိမှုနှင့် ယဉ်ကျေးမှုတို့ကို ထိခိုက်စရာအကြောင်းရှိသည်ဟု ယူဆသည်။ ဤရုံးတွင် ထိုကဲ့သို့ မနှစ်မြို့စရာကောင်းသော စကားလုံးတွေ့ရှိက ပယ်ဖျက်နိုင်သော အာဏာရှိသည်။ **ကာဘာချမ်းစကာဒတ်(စ်) နှင့် အစိုးရ အမှု 39 Criminal Law Journal p 1938 အမှုတွင်လည်းကောင်း၊ ဘထူးခန်နှင့် အစိုးရအမှု အေအိုင်အာရ် ၁၉၂၈ အလ္လာဟာဘတ် စာ-၁၂၈** အမှုတွင်လည်း အဆုံးအဖြတ်ပေးထားသည်။

နိုင်ငံတော်တရားရုံးချုပ်က အောက်ရုံးက အမိန့်တွင် ရှေ့နေကြီးကို **မိုက်မဲစွာ** ဟူသော စွပ်စွဲချက်သည် အလွန်မနှစ်မြို့ဖွယ်ရာစကားလုံးဖြစ်နေသဖြင့် ထိုမနှစ်မြို့ဖွယ်ဖြစ်သည့် **မိုက်မဲစွာ** ဟူသော စကားလုံးကို ဆိုခဲ့ပြီးသော ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ (၁၇) နေ့စွဲပါ အမှတ်စဉ်စာတမ်းမှ ပယ်ဖျက်လိုက်ပါသည်။

**ဦးထွန်းစိန် (လျှောက်ထားသူ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (လျှောက်ထားခံရသူ) ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အသေးအဖွဲ့လျှောက်လွှာအမှတ်(၂၆)** စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၆၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ကျောက်မြောင်း စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၆၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၆၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မတ်ပဲ ၁၂၆၅ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက် ပေးသွားမှာပါ"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား ကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရွာမနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်တွင်းကြီး စက်တင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်စေရန် အတွက် ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် အမှန်တကယ် ဆီထွက်သီးနှံနေကြာကို အဓိက ထား စိုက်ပျိုးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းထားစေလိုကြောင်း၊ အရင်းအတိုးများပေးဆပ်ရာတွင်လည်း သတ်မှတ်ကာလအတွင်း အလေးထား ပေးဆပ်စေလိုကြောင်း ဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၂၂၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ရွာမနားကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသည့် အသင်းသား၊ အသင်းသူ ၇၉ ဦးကို ရန်ပုံငွေကျပ် ၂၂၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ပုသိမ် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ စပါးလျာထား ၂၀၄၁၂ ဧကကို ဇွန်လ ပထမပတ်ကစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ငပုတောမြို့နယ်မှာ မိုးစပါး ၂၀၄၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးတွေ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာပေးလုပ်ငန်းတွေ လုပ်ပေးနေပါတယ်" ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။



ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ပေါ်ဆန်းမွှေး၊ ရွှေသွယ်ရင်၊ မနောသုခစသည့် ဒေသနှင့်ကိုက်ညီသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့် အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# တန့်ယန်းမြို့နယ် ဝိန်းကွိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

တန့်ယန်း စက်တင်ဘာ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ညောင်ကျေးရွာအုပ်စု ဝိန်းကွိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဝိန်းကွိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများအတိုးနှုန်း၊ ကာလသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မိတ်ဆက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်း တာဝန်ခံတို့က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဝိန်းကွိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူများကို စီမံကိန်းရန်ပုံငွေများ ထုတ်ချေး၍ လုပ်ငန်းများဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

# မုဒုံမြို့နယ် ကော့လှကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်နေမှု စစ်ဆေး

မုဒုံ စက်တင်ဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုဒုံမြို့နယ် ကော့လှကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ရန်ပုံငွေဖြင့် အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကော့လှကျေးရွာ၌ အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများအား လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကော့လှကျေးရွာ၌ အရှည် ၇၃၈ ပေ၊ အကျယ် တစ်ပေ ခြောက်လက်မ၊ အမြင့် နှစ်ပေရှိ အုတ်စီရေမြောင်း ပြုလုပ်ခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ရန်ပုံငွေ ကျပ် ၁၂ ဒသမ ၄၅ သိန်းဖြင့် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ က အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။ သုတ

# ပြည်သူ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည် လေးရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု ဥပဒေနှင့်လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှု၊ ပြည်သူကို ကူညီစောင့်ရှောက်နိုင်မှုနှင့် ရဲကျင့်ဝတ်များကို လိုက်နာကျင့်သုံးမှုတို့ကိုလည်း ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာသင်ကျောင်းများ၊ ဆေးရုံများတွင် မြက်ပင်၊ ပေါင်းပင်များရှင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးရုံများတွင်သွေးလှူဒါန်းခြင်း စသည့်ပြည်သူ့ အကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ ပီတိဖြစ်ဖွယ်ရာမြင်ကွင်းများပင်ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မူလတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို နေ့မအားညမအား အချိန်ပြည့် ကျေပွန်စွာထမ်းဆောင်နေကြသည့်အပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာနေရာနှင့် ဒေသများသို့လည်း ညီနောင်တပ်မတော်နှင့်အတူ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီလျက်ရှိကြသည်။

**စတင်ဖွဲ့စည်း**

ရှေးခေတ်မြန်မာဘုရင်များလက်ထက်ကတည်းကပင် မြို့ဝန်နှင့်ရွာသူကြီးများ လက်အောက်တွင် ဒေသရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားခဲ့သည်။ ထိုစဉ်က ရဲတပ်ဖွဲ့ဝင်များကို စစ်ဘက်အရန်တပ်ဖွဲ့ဝင်များဟုလည်းခေါ်ဆိုခဲ့သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ် ကိုလိုနီတို့က ၁၈၈၅ ခုနှစ်တွင် ၎င်းတို့၏ ရဲတပ်ဖွဲ့စနစ်ကိုစတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဗမာ့ရဲတပ်ဖွဲ့ (Burma Police) ဟုခေါ်ဆိုခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့ (People's Police Force)အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့ (Myanmar Police Force) အဖြစ် သို့ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်သည် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ပင်ဖြစ်သည်။

**ရည်မှန်းချက်တာဝန်များ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်လေးရပ် အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူလက်တွဲဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်လေးရပ်အပြင် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများစုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့်လုပ်ငန်းတာဝန် ခြောက်ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်မှုများ**

နိုင်ငံ့ဖြတ်ကျော်မှုခင်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူသားလုံခြုံရေးအတွက်လည်း ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။ ထိုမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်ရန် ခက်ခဲသည့်အတွက်နိုင်ငံများကြား ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်တုံ့ပြန်မှုများနှင့် ဆောင်ရွက်သွားရန် လိုအပ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံ့ဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူဆောင်ရွက်နိုင်ရေးအတွက်အိမ်နီးချင်း ငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ(Border Liaison Offices-BLOs) ကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကို အခါအားလျော်စွာ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်းခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု(Online Scam)နှင့်အွန်လိုင်းလောင်းကစားမှု(Online Gambling)များ နှိမ်နင်းရန်နှင့်ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှု၊ ငွေကြေးဖုံးပိုးမှုတို့ကို တိုက်ဖျက်ရန် အိမ်နီးချင်းနိုင်ငံများ၊ သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့်နိုင်ငံခြားသားများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တစ်မျိုးသားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုတို့ကိုချေမှုန်းနိုင်ရေးအတွက် အပူတပြင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ် ဆောင်ရွက်လျက်ရှိသည်။ ထို့သို့ဆောင်ရွက်ရာတွင် တာဝန်သိပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုသည် များစွာ အထောက်အကူပြုလျက်ရှိသည်။ တာဝန်သိပြည်သူများ၏သတင်းပေးမှုများကြောင့် လွန်ခဲ့သောနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ထို့ပြင် အသိပညာဗဟုသုတနည်းပါးသည့် အချို့သော အမျိုးသမီးငယ်များကို ခြိမ်းခြောက်နေကြသည့် လူကုန်ကူးသူများနှင့် လူမှောင်ခိုများကိုလည်းဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။ အထူးသဖြင့် လူကုန်ကူးခံရတော့မည့် အမျိုးသမီးငယ်များကို အချိန်မီကယ်တင်ပြီး မိဘများလက်ဝယ်သို့ ပြန်လည်အပ်နှံနိုင်ခဲ့သည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း ပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**❖ လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူနှင့် တစ်သားတည်းဖြစ်နေကြပြီဖြစ်သည်။ ကျေးရွာ၊ ရပ်ကွက်အတွင်း နေ့၊ ညမပြတ် ကင်းလှည့်တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ "ကူညီပါရစေ" "May I Help You"ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြည်သူများကိုကူညီရန်အသင့်ဖြစ်နေသည်။ အထူးသဖြင့်ရဲတပ်ဖွဲ့၏ တာဝန်ထမ်းဆောင်မှုသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိလာခြင်းပင်ဖြစ်သည်။ ယခင်က ပြည်သူများကြားတွင် ဝေဖန်မှုများရှိခဲ့သော်လည်း လက်ရှိအချိန်တွင်မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူကိုအလုပ်ကျွေးပြုနေပြီဖြစ်သည်။ ❖**

အလားတူ ကလေးသူငယ်များကို ညှဉ်းပန်းနှိပ်စက်ခံရမှုမှ ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များကို မတော်မတရားပြုကျင့်မှုများကို တားဆီးကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် ခပ်စိပ်စိပ်တွေ့လာရသည့် သက်ငယ်မုဒိမ်းမှုများကိုလည်း ထိရောက်စွာတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကမ္ဘာကြီးသည် နိုင်ငံ့ဖြတ်ကျော်မှုခင်းများ၊ ရာဇဝတ်မှုများထူပြောလာလျက်ရှိသည်။ ထိုရာဇဝတ်မှုများကိုနိုင်ငံတကာရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ပူးပေါင်း ဖော်ထုတ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် တန်ဖိုးရှိသော လူ့အသက်များစွာဆုံးရှုံးရလျက်ရှိသည်။ တချို့သောသူများသည် အသက်မဆုံးရှုံးရသည့်တိုင်အောင် ကိုယ်လက်အင်္ဂါချွတ်ယွင်းသွားရသည်။ ထို့ကြောင့် ယာဉ်ထိန်းတပ်ဖွဲ့များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များကို နေ့မအားညမအား ထမ်းဆောင်နေရသည်။ ကျောင်းသား၊ ကျောင်းသူများ၊ သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစွာ လမ်းဖြတ်ကူးနိုင်ရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရဲမေများက နေပူမရှောင်၊ မိုးရွာမရှောင် ယာဉ်ကြောရှင်းပေးနေရသည်။

ပြည်သူနှင့်ရဲအင်အားအချိုးအစားအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်စုဖွဲ့၍ဒုစရိုက်ကျူးလွန်သူများ၊ မူးယစ်ရမ်းကားသူများ၊ လူသတ်သမားများနှင့် သူခိုး၊ ဓားပြအားလုံးကိုဖော်ထုတ်နိုင်မည်မဟုတ်ချေ။ ရဲတပ်ဖွဲ့ဝင်များသည်လည်း သာမန်လူသားများသာဖြစ်ကြသည်။ လေ့ကျင့်သင်တန်းပေးထားသည့် အတိုင်းအတာအတွင်းသာ စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မှုခင်းအားလုံးအတွက် ရဲတပ်ဖွဲ့တွင်သာတာဝန်ရှိသည်ဆိုသော အမြင်မျိုးတော့မရှိသင့်တော့ပေ။ ပကတိအရှိတရားကိုသာ လက်ခံစေချင်သည်။

**လေ့ကျင့်သင်တန်းပေးလျက်ရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ရာတွင် လူ၊ လက်နက်တို့အပြင် အထောက်အကူပြုပစ္စည်းများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ပုံမှန်နှင့် အဆင့်မြှင့်လေ့ကျင့်သင်တန်းများအပြင် UNDP၊ UNICEF၊ UNODC၊ ICRC၊ OHCHER၊ UN တို့၏ကူညီမှုများဖြင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေး သင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူ(Crime Fighter) များအနေဖြင့်သာမက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူ (Human Right Protector)များ၊ နိုင်ငံသားများအားလုံး ဘေးကင်းငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက်စောင့်ရှောက်ပေးရသူ(Peace Keeper) များလည်း ဖြစ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်ဆင့်ကို ဒီမိုကရေစီလုပ်ငန်းစနစ်အပါအဝင် ကျင့်ဝတ်များနှင့်စွမ်းရည်များကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

**ပြည်သူ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူနှင့်တစ်သားတည်းဖြစ်နေကြပြီ ဖြစ်သည်။ ကျေးရွာ၊ ရပ်ကွက်အတွင်း နေ့၊ ညမပြတ် ကင်းလှည့်တာဝန် ထမ်းဆောင်နေကြပြီဖြစ်သည်။ "ကူညီပါရစေ" "May I Help You" ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများကိုကူညီရန်အသင့်ဖြစ်နေသည်။ အထူးသဖြင့်ရဲတပ်ဖွဲ့၏ တာဝန်ထမ်းဆောင်မှုသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိလာခြင်းပင်ဖြစ်သည်။ ယခင်က ပြည်သူများကြားတွင် ဝေဖန်မှုများရှိခဲ့သော်လည်း လက်ရှိအချိန်တွင်မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူကိုအလုပ်ကျွေးပြုနေပြီဖြစ်သည်။

ဆိုရလျှင် နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အသွင်သဏ္ဌာန်ရောအနှစ်သာရပါပြောင်းလဲလာပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တစ်သားတည်းဖြစ်လာကြပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုလျှင် အသက်နှင့်ခန္ဓာကိုယ်ပင် ပေးဆပ်တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို တစိုက်မတ်မတ်ထမ်းဆောင်လျက်ရှိကြသည်။ လက်ရှိအချိန်တွင် ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုများ၊ လူမှောင်ခိုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများကိုလည်း တားဆီးကာကွယ်ဖော်ထုတ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ့ဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာဖြင့် ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် တိုင်းပြည်တာဝန်ကို ကျေပွန်အောင်ကြိုးပမ်း ထမ်းဆောင်လျက်ရှိပါကြောင်းဖြင့် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့်။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့်။ Ph:09-880909040

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

# ပွင့်ဖြူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၁၉၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၁၉၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၁၉၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စားတော်ပဲ စိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရန် အတွက် မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားတော်ပဲ ၃၁၉၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စားတော်ပဲစိုက်ပျိုးမှု အနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမယ်။ တောင်သူတွေကိုလဲ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ ရွေးချယ်စိုက်ပျိုးဖို့၊ မြေဩဇာနဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲဖို့၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲဖို့နဲ့ GAP နည်းစနစ်ဖြင့် စိုက်ပျိုးဖို့ ကိုလဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများပန်းတိုင်အထွက်နှုန်း ရရှိစေရန်အတွက် ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းများရရှိရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် စားတော်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# စလင်းမြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မကျီးပင်ကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများ စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဧကဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ငွေကျပ် ၄၀ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၀-၉-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၄၆၁။ | အနန္တော‌အနန္တငါးပါးဦးထိပ်ထား၍ ဦးအောင်ဖေစိန်နှင့်ဇနီး ဒေါ်ဝင်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၄၆၂။ | ကွယ်လွန်သူဦးဘကျော်နှင့် ဒေါ်တင်ဦးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၄၆၃။ | မိခင်ဒေါ်စန်းရီအားအမှူးထား၍ ဦးကျော်ဇောလင်းနှင့်ဇနီး ဒေါ်အေးအေးသက်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၄၆၄။ | ဦးလွင်ကိုဦးနှင့်ဇနီး ဒေါ်ကြည်ကြည်စမ်း၊ (သမီး)မခိုင်ရည်မွန်ဖြိုးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၄၆၅။ | ဦးနေမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စန်းဦး၊ ဒေါက်တာမြကိုကိုနှင့်ဇနီး မရွှေစင်ခိုင်၊ မကေစင်ခိုင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၄၆၆။ | ဦးမျိုးထွေးနှင့်ဇနီး ဒေါ်အေးအေးဟန်၊ (သား)မောင်ဘုန်းမျိုးဟန်၊ မောင်မျိုးမင်းဟန်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၄၆၇။ | ဦးကျော်ဇာနည်စိုးနှင့်ဇနီး ဒေါ်သက်စုအောင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၄၆၈။ | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်အေးမြတ်နွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၆၉။ | မောင်စိုင်းကျော်ဇေယျမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၀။ | ဒေါ်ခင်အေးသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၁။ | ကွယ်လွန်သူဦးမောင်ဋွေးနှင့်ဇနီး ဒေါ်သိန်းမေတို့အား ရည်စူး၍ ဦးတိုးမြင့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၂။ | ဦးထက်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၃။ | ကိုအောင်ကျော်ကျော်နှင့်ဇနီး ဒေါ်ငြိမ်းသန်းသန်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၄။ | ဦးစိန်မြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၅။ | ဦးအောင်အောင်ဗိုလ်နှင့်ဇနီး ဒေါ်စုမြတ်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၆။ | ဦးမြင့်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၇။ | ကိုရဲပြည့်ဖြိုးနှင့်ဇနီး မဆုပြည့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၈။ | ကွယ်လွန်သူဦးမျိုးမြင့်နှင့် ဒေါ်ခင်မာတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၇၉။ | မောင်ကောင်းဆက်ဝင်းနှင့်ဇနီး မဝင့်တင်ဇာထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၀။ | ကိုနောင်နှင့်ဇနီး မဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၁။ | ကိုစိုးမိုးအောင်နှင့်ဇနီး မသူဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၂။ | ဦးဉာဏ်တင်နှင့်ဇနီး ဒေါ်သောင်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၃။ | ဒေါက်တာအုန်းကြွယ်နှင့်ဇနီး ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၄။ | ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၅။ | ဦးစိန်လွင်နှင့်ဇနီး ဒေါ်သင်းသင်းခိုင်၊ (သား)ဒေါက်တာဝေယံလွင်သော်၊ မောင်ဖုန်းပြည့်မာန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၆။ | ဦးမျိုးဇော်ညွန့်နှင့်ဇနီး ဒေါ်သင်းသင်းကြူ၊ (သမီး)မစုလှဲ့နန္ဒာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၄၈၇။ | ကွယ်လွန်သူဦးအောင်မိုးနှင့် ဦးမင်းသန့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၈၈။ | ကွယ်လွန်သူ မိခင်ကြီးဒေါ်တင်မေအားရည်စူး၍ ဒေါ်လှလှဋွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၈၉။ | ကွယ်လွန်သူဦးစောကျော်စိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၀။ | ကွယ်လွန်သူဒေါ်မြင့်မြင့်ကြည်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၁။ | ကွယ်လွန်သူဦးကျော်ဝင်းနှင့် ဒေါ်မြင့်မြင့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၂။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ (သမီး)ဒေါ်တင်မြင့်၊ ဒေါ်တင်စိန်၊ ဒေါ်တင်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၃။ | ကွယ်လွန်သူဦးကျော်မင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၄။ | ဦးမြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၅။ | ဦးငြိမ်းငြိမ်းထွန်းနှင့်ဇနီး ဒေါ်စန်းမြင့်ဝင်း၊ (သမီး)မဖြူစင်ငြိမ်း၊ (သား)မောင်ထွန်းမြတ်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၆။ | ဦးထက်နေဟိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၇။ | ဦးစံရွှေမောင်နှင့်ဇနီး ဒေါ်ခင်ခင်ဋွေး၊ (သား)မောင်ထွန်းရွှေကျော်၊ (သမီး)မဝင်းသန္တာအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၈။ | ဦးကျော်လွင်ဦးနှင့်ဇနီး ဒေါ်ကေသီလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၄၉၉။ | ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဇင်သူရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၀။ | ကိုဟိန်းထက်နှင့်ဇနီး မသက်ထားကျော်စံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၁။ | ဦးသန်းဇော်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ကြည်အေး၊ (သမီး)မဝါဝါခိုင်၊ မနှင်းအိဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၃။ | ဦးထွန်းငယ်နှင့်ဇနီး ဒေါ်လှညွန့်၊ (သား)မောင်ဝေဖြိုးထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၄။ | ဦးမင်းမင်းဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၅။ | ကိုဇေသန့်အောင်နှင့်ဇနီး မဇွန်ပန်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၆။ | ကိုရန်ပိုင်ဦးနှင့်ဇနီး မမြတ်မြတ်ခန့်သူ၊ (သမီး)မယွန်းမြတ်ပိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၇။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်စံပယ်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၈။ | ဦးကျော်ကျော်လှိုင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဦး၊ (သား)မောင်မြင့်မြတ်ခန့်၊ (သမီး)မလင်းရတနာလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၀၉။ | ဦးအောင်မြင့်ဦးနှင့်ဇနီး ဒေါ်ဖြိုးသီတာမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၁၀။ | ဦးညွန့်စိန်နှင့်ဇနီး ဒေါ်ခင်ယုဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မုန်တမ်း/ဒန်တပင်ရပ်ကွက်နေ ဦးကျော်သိန်း + ဒေါ်ဝင်းတင့်တို့၏သား မောင်အောင်ကျော်မိုး(၉/အမရ(နိုင်)၁၃၅၄၂၆)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးကျော်သိန်း(၉/အမရ(နိုင်)၀၁၂၅၂၀)**

**ဒေါ်ဝင်းတင့်(၉/အမရ(နိုင်)၀၁၂၅၂၁)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းဝင်း (ဘ) ဦးမင်းမင်းလွင်(၉/မထလ(နိုင်)၃၂၆၄၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-052485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-954116551**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မအိမ်ချစ်၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း(၉/တတဥ(နိုင်)၀၈၀၀၃၀)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဖွဲ့သန့်၏မွေးသက္ကရာဇ်အမှန်မှာ (၂၅-၅-၂၀၀၇) ဖြစ်ပါကြောင်း။ **မောင်ဖွဲ့သန့်၊ ၂၅-၅-၂၀၀၇**

## ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ အမှတ်(၁)ရပ်ကွက်နေ မိုးမိုးဝင်း (ခ) ရှီယုံမင် (ဘ) ဦးရှီယူလုံ(၁၃/လကန(နိုင်)၀၀၆၁၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-954172)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ **09-788188664**

## ပျောက်ဆုံးကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်ရပ်ကွက်နေ မစန်းစန်းဝင်း (ဘ) ဦးလှသိန်း(၁/ဗမန(နိုင်)၀၃၇၄၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-423546166**

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ အလက(၃)အခြေခံပညာအလယ်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ဖြိုးသက်၏သား မောင်သန့်ဇင်ဖြိုးအား မောင်သန့်ဇင်ဖြိုးသက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သန့်ဇင်ဖြိုးသက်**

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ Grade-6(C)တွင် ပညာသင်ကြားနေသော မောင်ရှိုင်းဇေညီထွဋ်အား မောင်စိုင်းသူရအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စိုင်းသူရအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ ကျွန်မ ခင်ယမင်း(၅/မမတ(နိုင်)၁၁၅၄၄၅)၏မိခင်အမည်မှာ ဒေါ်မြမြနှင်း (ခ) ဒေါ်မြမြဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြမြနှင်း (ခ) ဒေါ်မြမြဝင်း(၅/မမတ(နိုင်)၀၇၃၉၈၀)**

**အဖိုးတန်ရေချိုကို ချွေတာပါ**

## ဦးမောင်စိုး(၉/အမရ(နိုင်)၀၇၈၉၅၀)နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ စားကြင်ဝရပ်ကွက်၊ အကွက်အမှတ်(၆၁၆)တွင် တည်ရှိသော အကျယ်အဝန်း (၄၅ ပေ x ၄၅ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူစဉ်က ဦးမောင်စိုး၏သားများဖြစ်ကြသော ဦးဇော်ဝင်း၊ ဦးဇော်လင်း၊ ဦးဇော်မင်း(ကွယ်လွန်)တို့၏ ကိုယ်ပိုင်ငွေများပါဝင်သဖြင့် တရားဝင်ပိုင်ဆိုင်မှုရှိကြပါသည်။ ၎င်းတို့သဘောတူညီမှုမရှိဘဲ ဦးမောင်စိုး + (ဒေါ်လှလှ ကွယ်လွန်)မှ မဝါဝါ(ဘ) ဦးလှဘူး (သို့မဟုတ်) အခြားမည်သူကိုမဆို ရောင်းချလွှဲပြောင်းပေးအပ်ထားသည်ဟု သိရှိရ၍ သက်ဆိုင်ရာကန့်ကွက်ထားပါကြောင်းနှင့် အဆိုပါအိမ်နှင့်မြေကို လွှဲပြောင်းလက်ခံယူထားသူသည် တရားဝင်ပိုင်ဆိုင်မှုမရှိပါကြောင်း၊ အကယ်၍ဖခင် ဦးမောင်စိုးကွယ်လွန်ခဲ့လျှင် သားဖြစ်သူ ဦးဇော်ဝင်းနှင့်ညီအစ်ကိုများ၏ တရားဝင်အမွေကျန်ပစ္စည်းဖြစ်ကြောင်း၊ အိမ်နှင့်မြေကို လွှဲပြောင်းလက်ခံရယူထားသူတွင် တာဝန်ရှိမည်ဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ |
|---|---|
| ဦးဇော်ဝင်း (ဘ) ဦးမောင်စိုး | ဦးမြင့်အောင် |
| ၉/အမရ(နိုင်)၀၇၈၂၁၈ | တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၇၀) |
| ငယ်တိုးကျေးရွာ၊ စားကြင်ဝရပ်၊ | အမှတ်-၁၃၉/နယ်မြေ(၁)၊ |
| အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | တကောင်းရပ်ကွက်၊ စစ်ကိုင်းမြို့။ |
| ၀၉-၄၄၁၀၂၄၁၄၃ | ၀၉-၄၃၀၀၄၀၂၁ |

## လျောင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကြက်မောက်တောင်ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာအခြေအနေမရှိ

နေပြည်တော် စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်မောက်တောင်ရေလှောင်တမံသည် ယနေ့နံနက် ၉ နာရီတွင် ကန်ရေပြည့်အမှတ်သို့ ကျော်လွန်ရောက်ရှိခဲ့ကြောင်းသိရသည်။

ထိုသို့ ကန်ရေပြည့်အမှတ်ကျော်လွန်ပြီး ရေပိုလွှဲမှ စတင်ရေကျော်စီးဆင်းခဲ့ရာ ညနေ ၃ နာရီတွင် ရေပိုလွှဲမှ အမြင့်ဆုံး ၃ ဒသမ ၄၀ ပေထိ ရေကျော်စီးဆင်းခဲ့သော်လည်း ည ၆ နာရီတွင် အမြင့်ပေ ၃ ဒသမ ၃၀ ရေကျော်စီးဆင်းလျက်ရှိသည့်အတွက် ရေအမှတ်များ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

ကြက်မောက်တောင်ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုသည် ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း သိရှိရပြီး ရေပိုလွှဲမှ ရေကျော်စီးဆင်းခဲ့သည့်အတွက် တောင်ဇင်းချောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အနေဖြင့် ချောင်းရေမြင့်တက်နေမှုကို ဂရုပြုနေထိုင်ကြရန် အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် YREO အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ YREO အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် Younglesses အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး YREO အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်ငါးမိနစ်၊ ၁၉ မိနစ်နှင့် ၅၉ မိနစ်တွင် အိသက်ဖြိုး၊ ၃၄ မိနစ်၊ ၄၁ မိနစ်နှင့် ၅၆ မိနစ်တွင် ဂင်းစန္ဒာတို့က သွင်းယူနိုင်ခဲ့သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ ❑



## မြန်မာ့စွမ်းအင်

ဖူလုံရေးနှင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားစွမ်းအင်၊ နျူကလီးယားနည်းပညာ၏ အကျိုးသက်ရောက်မှုများနှင့် အခွင့်အလမ်းများ

ဆောင်းပါး

စာမျက်နှာ - ၁၈

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ည ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် အောက်တိုဘာ ၂ ရက်၌ မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၃ ရက်တွင် ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတဲ့ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378